ကြိုတင်တည်းဖြတ်မထားသော အစီရင်ခံစာ

ဖြန့်ချီ - အများဖတ်ရှုနိုင်ရန်
၂၆ ရက်၊ မေလ၊ ၂၀၂၅ ခုနှစ်

မူရင်းဘာသာစကား - အင်္ဂလိပ်

**ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ**
**ငါးဆယ့်-ကိုးကြိမ်မြောက် အစည်းအဝေး**
၁၆ ဇွန်လ - ၁၁ ဇူလိုင်လ ၂၀၂၅ ခုနှစ်
အစီအစဉ် အမှတ် ၂ နှင့် ၄
ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး၏ နှစ်အလိုက် အစီရင်ခံစာနှင့်

ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးနှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာများ

လူ့အခွင့်အရေး ကောင်စီ၏ အာရုံစိုက်မှု လိုအပ်နေသော လူ့အခွင့်အရေး အခြေအနေ

# မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ

## ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး၏ အစီရင်ခံစာ

*အစီရင်ခံစာ အနှစ်ချုပ်*

ဤအစီရင်ခံစာသည် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် ၅၅/၂၀ အရ တင်ပြခြင်း ဖြစ်ပြီး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေအား စောင့်ကြည့် သုံးသပ်ရန်နှင့် မြန်မာပြည်သူလူထုနှင့် ဆက်စပ်၍ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ တာဝန်ခံမှုရှိရေး၊ ဒီမိုကရေစီ စနစ် ထွန်းကားရေးနှင့် အရပ်သား အစိုးရ တစ်ရပ် ပေါ်ထွန်းရေး စသည့် ပြည်သူ့ဆန္ဒများ ပြည့်မီစေမည့် လမ်းကြောင်းများကို တင်ပြရန် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးအား တာဝန် ပေးအပ်ခဲ့ပါသည်။ ဤအစီရင်ခံစာသည် အလေးအနက် ဆွေးနွေး အကြံပြုချက်များ အပေါ် အခြေခံ၍ ဖော်ပြပါ မျှော်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရေး အတွက် အဓိက လမ်းကြောင်းများကို အထူးပြု ဖော်ပြထားပြီး မြေပြင်တွင် အပြောင်းအလဲ ဖော်ဆောင်နေသော အဓိက အဖွဲ့အစည်းများကို ထည့်သွင်း ဖော်ပြထားပါသည်။



Please recycle

## ၁။ အဖွင့်မိတ်ဆက်

၁။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် ၅၅/၂၀ အရ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီသည် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးကို မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေအား အရပ်ရပ်အား စောင့်ကြည့်သုံးသပ်ရန်နှင့် လူ့အခွင့်အရေး ကောင်စီ၏ ၅၉ ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာပြည်သူလူထု၏ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ တာဝန်ခံမှု ရှိရေး၊ ဒီမိုကရေစီ စနစ် ထွန်းကားရေးနှင့် အရပ်သား အစိုးရ တစ်ရပ် ပေါ်ထွန်းရေး စသည့် ပြည်သူ့ ဆန္ဒများ ပြည့်မီစေမည့် လမ်းကြောင်းများ အပါအဝင် ဆက်စပ် အကြောင်းအရာများအား အပြည့်အစုံ အစီရင်ခံ တင်ပြရန် တောင်းဆိုခဲ့ပါသည်။

၂။ ဤအစီရင်ခံစာကို ငါးဆယ့်ငါးကြိမ်မြောက် လူ့အခွင့်အရေး ကောင်စီ အစည်းအဝေးတွင် မြန်မာပြည်သူများ အထူးသဖြင့် လူငယ်များ၏ လိုအင်ဆန္ဒများကို ပုံဖော်တင်ပြသည့် "မျှော်မှန်းချက် လုပ်ငန်းစဉ်" တစ်ရပ် ရေးဆွဲရန် လိုအပ်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးက ဆွေးနွေးမှု အပေါ် အခြေခံ၍ ရေးသားထားခြင်း ဖြစ်ပါသည်။

၃။ ဤအစီရင်ခံစာတွင် မြန်မာ စစ်တပ် (စစ်တပ်)၏ ပြည်သူလူထု အပေါ် ဖိနှိပ်ညှင်းပန်းမှုအား အထောက်အပံ့ ဖြစ်စေသည့် နိုင်ငံရေး နွယ်သော စီးပွားရေး အခြေအနေများ အပါအဝင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ ဆိုးရွားမှုနှင့် နိုင်ငံအတွင်း ဖြစ်ပွားနေသော အခြေအနေကြောင့် ဒေသတွင်း နိုင်ငံများ အပေါ် ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှုကို အနှစ်ချုပ် ဖော်ပြထားပါသည်။ ထို့နောက် ဤအစီရင်ခံစာသည် အပြုသဘော ပြောင်းလဲမှုများအား အားပေး မြှင့်တင်ရန်နှင့် လူ့အခွင့်အရေး အခြေပြု၍ ငြိမ်းချမ်းပြီး ရေရှည်တည်တံ့သော ဒီမိုကရေစီ စံနှုန်း ပြည့်ဝသည့် ကွဲပြားစုံလင်သော မြန်မာနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်နိုင်ရန် ကြိုးပမ်းကြသည့် အဓိက အဖွဲ့အစည်း အချို့ကို အထူးတလည် ဖော်ပြထားပါသည်။ မြန်မာ့ လူ့အဖွဲ့အစည်း၏ ကွဲပြားစုံလင်သော အစိတ်အပိုင်းများနှင့် ကျယ်ပြန့်စွာ ဆွေးနွေးမှုများမှ စုဆောင်း ရရှိသော အချက်အလက် အပေါ် အခြေခံ၍ ဖော်ပြပါ ပန်းတိုင်သို့ ရောက်ရှိနိုင်ရေး အတွက် အဓိက လမ်းကြောင်း လေးရပ်ကို ဤအစီရင်ခံစာတွင် သတ်မှတ် ဖော်ပြထားသည်။ ၎င်းတို့မှာ တာဝန်ယူမှု ရှိရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးနှင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း နိုင်ငံများမှ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ ဟူ၍ ဖြစ်ကြပြီး လက်ရှိတွင် စတင် ဖော်နေပြီ ဖြစ်သော သို့မဟုတ် အစ ဖြစ်တည်လာသော ဥပမာများအား ဖော်ပြထားပါသည်။

၄။ ဤအစီရင်ခံစာ၏ နိဂုံးပိုင်းတွင် လက်ရှိ အကျပ်အတည်း၏ အရင်းအမြစ် ဖြစ်သော မြန်မာ စစ်တပ်၏ စိတ်ကြိုက် ခြယ်လှယ်နိုင်သော နိုင်ငံရေးနှင့် စီးပွားရေး အခွင့်အာဏာ၊ ပြစ်မှု ကျူးလွန်လျှင် အရေးယူ ဒဏ်ခတ်ခြင်း မရှိသည့် အခြေအနေ၊ နိုင်ငံတော် ဥပဒေနှင့် နိုင်ငံတော် အဖွဲ့အစည်းများအား လက်နက်သဖွယ် အသုံးချမှုနှင့် လူမျိုးရေး ခွဲခြားပြီး လူမျိုးစု အကွဲအပြဲ အပေါ် အခြေခံသော စနစ် စသည်တို့ကို ဖြေရှင်းနိုင်ရန် လက်တွေ့ ဆောင်ရွက်နိုင်သော လုပ်ငန်းစဉ်များကို အကြံပြု ဖော်ပြထားပါသည်။ ဤအစီရင်ခံစာတွင် အရှေ့တောင် အာရှနိုင်ငံများ အသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများ အပါအဝင် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများက မြန်မာပြည်သူများ၏ အခွင့်အရေးကို ကာကွယ်လေးစားသည့် အနာဂတ် နိုင်ငံတော်သစ် တစ်ရပ်အား တည်ဆောက်ရာတွင် မြန်မာ ပြည်သူများမှ လွတ်လပ်ပြီး ထိရောက်စွာ ပါဝင်နိုင်ရေး အတွက် မည်သို့ ပံ့ပိုးနိုင်သည် ဟူသည့် အချက်ကိုလည်း အသေးစိတ် ဖော်ပြထားပါသည်။

၅။ ဤအစီရင်ခံစာ ရေးသားသည့် အချိန်တွင် မြန်မာနိုင်ငံသည် ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ကာ မြန်မာနိုင်ငံ အလယ်ပိုင်း၊ အထူးသဖြင့် မန္တလေးနှင့် စစ်ကိုင်းတိုင်းတို့တွင် သက်ရောက်မှု ကြီးမားခဲ့သည်။ ထောင်နှင့်ချီသော

လူများ သေဆုံးခဲ့ပြီး အိမ်ခြံတိုက်တာများနှင့် အခြေခံ အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့သည်။ မြေငလျင် လှုပ်ခတ်ပြီးနောက် စစ်တပ်သည် ငလျင်ဒဏ်သင့် ဒေသအတွင်း လူသားချင်း စာနာမှု အကူအညီ ဝင်ရောက်ခွင့်ကို ဆက်လက် ကန့်သတ်ထိန်းချုပ်ခဲ့သည်။ မြန်မာစစ်တပ်နှင့် စစ်တပ်အား တော်လှန်ရေး လက်နက်ကိုင် အဖွဲ့အစည်းများက အပစ်အခတ် ရပ်စဲကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့သော်လည်း စစ်ဆင်ရေးများ ဆက်လက် ဖော်ဆောင်လျက် ရှိခဲ့ရာ အရပ်သား လူထု အပေါ် အတိဒုက္ခများ ကြီးစွာ ကျရောက်ခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် မြန်မာပြည်သူများနှင့် တသားတည်း ရှိကြောင်း ပြသခဲ့ကာ ကူညီကယ်ဆယ်ရေး လုပ်ငန်းများသည် လူ့အခွင့်အရေး အခြေခံမူများနှင့် အညီ အကောင်အထည် ဖော်ဆောင်ရမည် ဖြစ်ကြောင်းနှင့် အရပ်သား ပြည်သူများ၏ လိုအပ်ချက်ကို ခွဲခြားဆက်ဆံမှု မရှိဘဲ ဖြည့်ဆည်းပေးရမည် ဖြစ်ကြောင်း ထပ်လောင်း သတိပေး ပြောကြားခဲ့သည်။[1]

## ၂။ နည်းစနစ်

၆။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးသည် အမြင်ရှုထောင့်များနှင့် အကြံပြုချက်များ ရရှိစေရန် အလို့ငှာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၅ ခုနှစ်၊ မတ်လ အထိ နိုင်ငံအဝှမ်းမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် လူချင်းတွေ့ဆုံခြင်း သာမက အွန်လိုင်းမှ ဆွေးနွေးပွဲ စုစုပေါင်း ၁၂၆ ကြိမ် ပြုလုပ်ခဲ့ပြီး ထိုဆွေးနွေးပွဲများတွင် အုပ်စု ၃၆ စုနှင့် အမျိုးသမီး ၁၇၆ ဦး အပါအဝင် လူဦးရေ ၃၉၁ ဦးထက်မနည်း ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဤဆွေးနွေးမှုများအား ယခင် အစီရင်ခံစာများတွင် ဖော်ပြထားသော မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ချိုးဖောက်ခံရသူနှင့် မျက်မြင် သက်သေ ရာပေါင်း များစွာနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းချက်များ အပေါ် အခြေခံကာ ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။[2]

၇။ မြန်မာ့ လူ့အဖွဲ့အစည်းအား ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုသူ အများအပြား ပါဝင်သည့် ဤဆွေးနွေးပွဲတွင် ပါဝင်ကြသူများမှာ ရပ်ရွာလူထု ခေါင်းဆောင် ရပ်မိရပ်ဖများ၊ ကျောင်းသူ/ ကျောင်းသားများ၊ ရှေ့နေ/ ဥပဒေပညာရှင်များ၊ အနုပညာရှင်များ၊ ဆရာ/ ဆရာမများ၊ နေရပ် စွန့်ခွာ တိမ်းရှောင်ရသူများ၊ နိုင်ငံရေး အကျဉ်းသားများ၊ စစ်တပ်မှ ဘက်ပြောင်းလာသူများ၊ လူသားချင်း စာနာမှု လုပ်ငန်း ဆောင်ရွက်ကြသူများ၊ ကျန်းမာရေး လုပ်သားနှင့် သတင်း မီဒီယာသမားများ ဖြစ်ကြသည်။ အကြံပြု ဆွေးနွေးပွဲများတွင် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများ၊ အမျိုးသမီး အခွင့်အရေးနှင့် LGBTQI+ အရေး ဆောင်ရွက်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပညာရှင် သုတေသီများ၊ အကြမ်းမဖက် အာဏာဖီဆန်ရေး တက်ကြွလှုပ်ရှားသူများနှင့် ကုန်သွယ်ရေး/ အလုပ်သမား သမဂ္ဂ အဖွဲ့ဝင်များ အပါအဝင် အရပ်ဘက် လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် အခြား လူအုပ်စု အသီးသီးမှ ပုဂ္ဂိုလ်များ ပါဝင်ကြသည်။ ၎င်းအကြံပြု ဆွေးနွေးပွဲများတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ မွတ်စလင်နှင့် ဟိန္ဒူ ဘာသာဝင်များ အပါအဝင် ကူကီး၊ လီဆူး၊ ပအိုဝ်းနှင့် ရိုဟင်ဂျာ ကဲ့သို့ အခြား မျိုးနွယ်စု၊ ဘာသာစကားနှင့် ယုံကြည်ကိုးကွယ်မှု နောက်ခံမှ ကိုယ်စားလှယ်များလည်း ပါဝင်ကြသည်။

၈။ (OHCHR) သည် ဂျနီဗာနှင့် နယူးယောက်ရှိ မြန်မာ စစ်တပ်နှင့် အမျိုးသား ညီညွတ်ရေး အစိုးရ (အန်ယူဂျီ) တို့၏ အမြဲတမ်း ကိုယ်စားလှယ်ရုံးများ အပါအဝင် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရန် တာဝန်ရှိသည့် အခြား အာဏာပိုင် အဖွဲ့အစည်းများသို့ မေးခွန်းများ ပေးပို့ခဲ့သည်။ မြန်မာနိုင်ငံရှိ နိုင်ငံရေး အဖွဲ့အစည်းများ သာမက အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ (အန်ယူစီစီ) ၏ ကော်မတီများ၊ ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့်

1 https://www.ohchr.org/en/press-releases/2025/04/myanmar-military-actions-compound-dire-humanitarian-situation-aftermath.

2 https://bangkok.ohchr.org/myanmar/.

တော်လှန်ရေး လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အချို့မှလည်း သဘောထား အမြင်များ ရယူခဲ့သည်။ (OHCHR) သည် အခြား ကုသသမဂ္ဂ အေဂျင်စီ အဖွဲ့အစည်းများနှင့်လည်း တိုင်ပင် ဆွေးနွေးခဲ့ကာ တတ်သိပညာရှင် Think-Tanks အဖွဲ့ဝင်များ၊ အကဲဖြတ်များနှင့် နယ်ပယ်ရေးရာ ကျွမ်းကျင်သည့် အဖွဲ့များမှလည်း ရေးသား အကြံပြုချက်များကို လက်ခံရရှိခဲ့သလို ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာ အဖွဲ့အစည်းများမှ ဥပဒေ၊ မူဝါဒ၊ အစီရင်ခံစာနှင့် ဒေတာ အချက်အလက်များကို ကျယ်ပြန့်စွာ စာတမ်း လေ့လာသုံးသပ်မှုများ ဆောင်ရွက်ခဲ့ပါသည်။

## ၃။ မြန်မာနိုင်ငံ၏ လက်ရှိ လူ့အခွင့်အရေး အခြေအနေနှင့် နိုင်ငံရေး ဆက်နွယ်သော စီးပွားရေး အခြေအနေ

၉။ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီ အသွင် ကူးပြောင်းရေး ကာလ တစ်ရပ်ကို စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲများတွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (အန်အယ်လ်ဒီ) က မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ကာ မြန်မာပြည်သူများက ပြည့်ဝစုံလင်သည့် ဒီမိုကရေစီ စနစ်အား ဆန္ဒ ပြင်းပြစွာ လိုလားကြောင်း အတည်ပြုခဲ့သည်။ သို့သော် စစ်တပ်က ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလတွင် တကျော့ပြန် အာဏာသိမ်းခဲ့ပြီးနောက် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်သည်လည်း ရုပ်ချည်း ရပ်တန့်ခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုနှင့် လူမဆန်စွာ ရက်စက်မှုဖြင့် လူ့အခွင့်အရေး အကျပ်အတည်း ဆိုက်ရောက်လာခြင်းကြောင့် ပြည်သူ လူထု၏ လူနေမှု ဘဝ တစ်ရပ်လုံး ထိခိုက်နစ်နာခဲ့သည်။ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များ အရ[3] ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့ အထိ စစ်တပ်၏ လုပ်ရပ်ကြောင့် အမျိုးသမီး ၁,၄၈၇ ဦးနှင့် ကလေးသူငယ် ၄၇၈ ဦး အပါအဝင် အရပ်သား ပြည်သူ ၆,၄၇၃ ဦးထက်မနည်း သေဆုံးခဲ့သည်။ တရားရေး အာမခံချက်နှင့် တရားမျှတစွာ စစ်ဆေးခံခွင့်အား လေးစားလိုက်နာမှု လုံးဝ မရှိသည့် စစ်တပ် ထိန်းချုပ်ရာ တရားရုံးများက လူပေါင်း ၂၈,၉၆၁ ဦးအား ဖမ်းဆီးခြင်း၊ ၂၂,၁၆၅ ဦးအား ထောင်ဒဏ် ချမှတ်ခြင်းနှင့် ၁၇၂ ဦးအား သေဒဏ်ပေးခြင်းတို့ ရှိခဲ့သည်။[4] အကြမ်းဖက်မှုကြောင့် ပြည်သူပေါင်း ၃.၅ သန်းကျော် နေရပ်စွန့်ခွာပြီး လူဦးရေ သန်း ၂၀ နီးပါးသည် ထောက်ပံ့ကူညီမှု လိုအပ်သော်လည်း[5] စစ်တပ်သည် လူသားချင်း စာနာမှု အကူအညီများကို အစဉ်တစိုက် ပိတ်ပင် တားမြစ်နေကာ သဘာဝ ကပ်ဘေး ကျရောက်ချိန်နှင့် လတ်တလော လျှင် ကပ်ဘေးကြီး ကြုံပြီး နောက်ပိုင်းတွင်လည်း ထိုနည်းအတိုင်းသာ ပြုမူနေသည်။[6] သုံးသပ်ချက်များ အရ ပြည်သူ ၁.၅ သန်းကျော်သည် ဘေးလွတ်ရာ ပြည်ပ နိုင်ငံသို့ နယ်စပ်မှ ကုန်းကြောင်း သို့မဟုတ် ရေကြောင်းမှ တစ်ဆင့် တရားဝင် လမ်းကြောင်းနှင့် တရားမဝင် လမ်းကြောင်း နှစ်မျိုးစလုံးဖြင့် ထွက်ပြေးကြရာ အာရှ ဒေသတွင်း နိုင်ငံများ၌ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာမှု ဆိုင်ရာ ပြဿနာများအား ပိုမို ဖြစ်ပွားစေသည်။[7] အဆိုပါ လူ့အခွင့်အရေး အကျပ်အတည်းသည် အခြား နယ်စပ် ဖြတ်ကျော် ဖြစ်ပွားတတ်သော အရေးကိစ္စများ အပါအဝင် ကာလဝမ်းရောဂါ၊ အခြား ကူးစက် ရောဂါများ[8]၊ နယ်စပ် ဖြတ်ကျော် သက်ရောက်တတ်သော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဘေးထွက်

---

3 https://aappb.org/

4 Ibid.

5 https://humanitarianaction.info/plan/1275/document/myanmar-humanitarian-needs-and-response-plan-2025.

6 https://reliefweb.int/report/myanmar/myanmar-earthquake-flash-update-2-31-march-2025

7 https://thailand.iom.int/sites/g/files/tmzbdl1371/files/documents/2024-10/overview-of-myanmar-nationals-in-thailand-october-24.pdf.

ဆိုးကျိုးများနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှု အပါအဝင် အခြား နယ်စပ်ဖြတ်ကျော် ပြဿနာများအား စီမံခန့်ခွဲရာ၌ ပို၍ အခက် တွေ့စေပါသည်။

၁၀။ ဘက်ပေါင်းစုံမှ တင်ပြထားသည့် နောက်ဆုံး အစီရင်ခံစာအား[9] ထုတ်ပြန်ပြီး နောက်ပိုင်းတွင် တော်လှန်ရေး လက်နက်ကိုင် အဖွဲ့အစည်းများက နယ်မြေ အမြောက်အများ ထိန်းချုပ်နိုင်ခဲ့ရာ သိသာထင်ရှားသော တိုးတက်ပြောင်းလဲမှုများ ဖြစ်ထွန်းခဲ့သည်။ မြန်မာ စစ်တပ်သည် နယ်မြေများ လက်လွှတ် ဆုံးရှုံးတိုင်း အရပ်သား လူထု နေထိုင်ရာ နေရာများသို့ လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီး အမြောက်များ မကြာခဏ ပစ်ခတ်ခြင်းဖြင့် လက်တုံ့ပြန်လေ့ရှိရာ ၂၀၂၄ ခုနှစ်တွင် မြန်မာ စစ်တပ်၏ ပစ်ခတ်မှုကြောင့် ယမန်နှစ်ကထက် အရပ်သား ပြည်သူများစွာ အသက် ဆုံးရှုံးခဲ့သည်။ တိုက်ပွဲ အပြင်းထန်ဆုံး ဖြစ်ပွားခဲ့သည့် ဒေသမှာ ရခိုင် ပြည်နယ် ဖြစ်ပြီး အာရက္ခ တပ်တော်သည် ဒေသ ကွပ်ကဲရေး စစ်ဌာနချုပ်နှင့် စစ်တပ် အခြေစိုက် စခန်း အမြောက်အများကို ထိန်းချုပ်နိုင်ခဲ့သလို ရခိုင်ပြည်နယ် တစ်ခုလုံးအား လုံးဝနီးပါး ထိန်းချုပ်ခဲ့သည်။ ရိုဟင်ဂျာများသည် မြန်မာ စစ်တပ်နှင့် အာရက္ခ တပ်တော် အကြားတွင် ပိတ်မိနေကြပြီး သတ်ဖြတ်မှု၊ အစဖျောက်မှု၊ ကိုယ်ခန္ဓာ အစိတ်အပိုင်း ဖြတ်တောက်ခံရမှု၊ တရားလက်လွှတ် ဖမ်းဆီးမှု၊ ညှင်းပန်းနှိပ်စက်မှု၊ ကျေးရွာများ ဖျက်ဆီးခံရမှုနှင့် ကျယ်ကျယ်ပြန့်ပြန့် နေရပ်စွန့်ခွာ ထွက်ပြေးရမှုကို မကြာခဏ ရင်ဆိုင်ကြရသည်။ အလားတူပင် ရိုဟင်ဂျာ လက်နက်ကိုင် အဖွဲ့အစည်းနှင့် အစုအဖွဲ့ အချို့သည် တိုက်ပွဲများတွင် ပါဝင်ပတ်သက်နေသည်ဟု သတင်း ရရှိထားသည်။ ဤအစီရင်ခံစာ ရေးသားသည့် အချိန်တွင် ရိုဟင်ဂျာများသည် ရခိုင်ပြည်နယ်သို့ ဘေးကင်းလုံခြုံပြီး ရေရှည် တည်ငြိမ်မှု ရှိသော အခြေအနေဖြင့် နေရပ် ပြန်နိုင်ရန် လုံလောက်သော အခြေအနေ မရှိသေးပေ။

၁၁။ မြန်မာနိုင်ငံသည် လွန်စွာ နက်နဲဆိုးရွားသည့် စီးပွားရေး အကျပ်အတည်းတွင် ပိတ်မိနေကာ လက်နက်ကိုင် ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုး သက်ရောက်မှုများအား ပြည်သူများက ပြည်တွင်းနှင့် ဒေသတွင်း ပြည်ပနိုင်ငံများတွင်ပါ ဆိုးရွားစွာ ရင်ဆိုင်နေကြရသည်။ နှိုင်းယှဉ် သုံးသပ်ချက်များ အရ နိုင်ငံ၏ စီးပွားရေး ကဏ္ဍသည် အလွန်အမင်း ကျဆင်းနေကြောင်း၊ အရင်းအမြစ်များအား နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် သုံးစွဲမှုများ လျော့နည်းလာကြောင်း တွေ့ရသည်။[10] ပြည်တွင်း ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ) ခန့်မှန်းချက် အရ အာဏာသိမ်းသည့် ကာလမှ စ၍ အမေရိကန် ဒေါ်လာ ၉၃.၉ ဘီလီယံ အထိ စီးပွားရေး အရ အရှုံးပေါ်ခဲ့ပြီး[11] ကိုဗစ်မတိုင်မီ စီးပွားရေး အခြေအနေသို့ ပြန်လည် ရောက်ရှိနိုင်ရန် ၂၀၂၈ ခုနှစ် အထိ မျှော်လင့်၍ မရကြောင်း ဖော်ပြထားသည်။[12] ငွေကြေး ဖောင်းပွမှုလည်း အလွန် မြင့်မားလာပြီး ၂၀၂၄ ခုနှစ် - ၂၀၂၅ ခုနှစ်၊ ဘဏ္ဍာနှစ် အတွင်း ၃၀ ရာခိုင်နှုန်း အထိ ငွေကြေးဖောင်းပွမှု ရှိခဲ့ကြောင်း ခန့်မှန်းကြကာ မြန်မာ ကျပ်ငွေသည် အမေရိကန် ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ၄၀ ရာခိုင်နှုန်း ငွေတန်ဖိုး ကျဆင်းခဲ့သည်။ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြုပ်နှံမှု ကတိကဝတ်များလည်း လျော့နည်းလာကာ ၂၀၂၄ ခုနှစ်၏ ပထမ ခြောက်လပတ်သည် ၂၀၂၃ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်း လျော့နည်းလာကြောင်း အချက်အလက်များ အရ သိရသည်။ မြန်မာ စစ်တပ်သည် အရင်းအမြစ်များအား အရပ်သား လူထု ဆိုင်ရာ အခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှုများတွင် ရင်းနှီးမြုပ်နှံသည်ထက် စစ်အသုံးစရိတ် အပေါ် ဦးစားပေး သုံးစွဲခဲ့သလို နိုင်ငံတော် ကြွေးမြီသည် ၂၀၂၄/ ၂၀၂၅ ဘဏ္ဍာနှစ်တွင် ၆၂ ရာခိုင်နှုန်း အထိ တိုးခဲ့သည်။ နိုင်ငံ့ လူဦးရေ ထက်ဝက်ကျော်သည် ဆင်းရဲမွဲတေမှု စံနှုန်း အောက်တွင် နေထိုင်ကြရကာ စားနပ်ရိက္ခာ ဖူလုံမှု မရှိသည့် အခြေအနေအား ဆိုးရွားစွာ ခံစားနေကြရသည်။[13]

9 A/HRC/56/23
10 https://www.worldbank.org/en/country/myanmar/publication/myanmar-economic-monitor-reports.
11 Ibid.
12 Ibid.
13 Ibid.

ဆန်၊ ဟင်းသီးဟင်းရွက်၊ စားသုံးဆီ၊ ငါး၊ အသားနှင့် ပဲအမျိုးမျိုး စသည့် စားသုံးကုန် ပစ္စည်းများ၏ ကုန်စျေးနှုန်းမှာလည်း ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက တစ်နိုင်ငံလုံး ပျှမ်းမျှ ၃၀ ရာခိုင်နှုန်းအထိ တက်ခဲ့သည်။[14] ထို့အပြင် စားသုံးဆီ၊ ဆေးဘက် ဆိုင်ရာ ပစ္စည်း၊ ဆေးဝါး၊ မျိုးစေ့နှင့် ဓာတ်မြေသြဇာ ကဲ့သို့ အရေးကြီးလှသော ကုန်ပစ္စည်းများကိုလည်း တင်သွင်းခွင့် ကန့်သတ်ခဲ့ရာ ဆင်းရဲမွဲတေမှု ဒဏ်ခံနေရသည့် လူထု အပေါ်သို့ ပို၍ ဝန်ထုတ်ဝန်ပိုး ဖြစ်စေခဲ့သည်။

၁၂။ စီးပွားရေး အကျပ်အတည်း၏ နောက်ခံရင်းမြစ်မှာ စစ်တပ်က ဗဟိုဘဏ်နှင့် သယံဇာတ တူးဖော်သည့် ကဏ္ဍ အပါအဝင် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများကို ထိန်းချုပ်ခြင်းကြောင့် ဖြစ်သည်။ နိုင်ငံတကာက ပစ်မှတ်ထားသော ပိတ်ဆို့တားမြစ်မှုများကြောင့် မြန်မာ စစ်တပ်၏ ဝင်ငွေရနိုင်မှု လမ်းကြောင်းများ တုံ့ဆိုင်းသွားသော်လည်း ဖော်ပြပါ စီးပွားရေး အဖွဲ့အစည်းများသည် စစ်တပ် အတွက် အဓိက ဝင်ငွေရလမ်း အရင်းအမြစ်များ အဖြစ် ဆက်လက် တည်ရှိနေပြီး ၎င်းသည် စစ်တပ် အာဏာ တည်မြဲရေး အတွက် ကြိုးပမ်းမှုများအား အမြဲတစေ အထောက်အပံ့ ဖြစ်စေသည်။ ထို့အပြင် စစ်တပ်သည် ၎င်း၏ စစ်အသုံးစရိတ်အား ဆက်လက် ဖြည့်ဆည်းရန် ရည်ရွယ်၍ သွင်းကုန် အစားထိုးခြင်း၊ နိုင်ငံခြား ငွေလဲလှယ်မှု ထိန်းချုပ်ခြင်း၊ နိုင်ငံခြားငွေမှ မြန်မာကျပ်ငွေသို့ စစ်တပ် အမြတ်အစွန်း ရစေသည့် ငွေလဲလှယ်မှု သတ်မှတ်နှုန်းဖြင့် အတင်းအဓမ္မ ငွေလဲလှယ်စေခြင်းနှင့် နိုင်ငံခြားမှ လွှဲငွေများကို အခွန် ကောက်ခံခြင်း အပြင် မှတ်ပုံမတင်ထားသည့် နိုင်ငံခြားငွေလဲသည့် လုပ်ငန်းများအား အရေးယူခြင်းတို့ကို ဆောင်ရွက်သဖြင့် မြန်မာ စစ်တပ်မှာ ပိုမို ကြွယ်ဝလာပြီး အရပ်သား လူထုအား ပိုမို ဆင်းရဲတွင်း နက်စေခဲ့သည်။[15]

၁၃။ စစ်အစိုးရ အုပ်ချုပ်မှုအောက်တွင် တရားမဝင် စီးပွားရေး လုပ်ငန်းများသည် တရားဝင် စီးပွားရေး လုပ်ငန်းကို ကျော်လွန်၍ အားကောင်းလာသည်။ ၂၀၂၃ ခုနှစ်မှစ၍ မြန်မာ နိုင်ငံသည် ကမ္ဘာပေါ်တွင် ဘိန်းနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှု အများဆုံး နိုင်ငံ အဖြစ် ရပ်တည်နေသည်။[16] မြန်မာနိုင်ငံသည် အွန်လိုင်း ငွေလိမ်ဂိုဏ်းများ၊ လူကုန်ကူးခြင်း၊ အဓမ္မ စေခိုင်းခြင်း၊ အခြား ခေတ်သစ် ကျွန်ပြုသည့် စနစ် အမျိုးမျိုးနှင့် သယံဇာတ အရင်းအမြစ်များအား ဥပဒေ အထိန်းအကွပ် မရှိဘဲ တရားမဝင် တူးဖော်သည့် လုပ်ရပ်များ စသည့် နယ်စပ် ဖြတ်ကျော် ရာဇဝတ် လုပ်ငန်းများ အတွက် အဓိက အခြေစိုက် နေရာ တစ်ခု ဖြစ်လာသည်။ အိမ်နီးနားချင်း နိုင်ငံများတွင် ငွေလိမ်သည့် ဂိုဏ်းများကြောင့် အလိမ်ခံရသူ အရေအတွက် တိုးလာသည့် ဒဏ်အား ဆိုးရွားစွာ ခံစားရသည် ဖြစ်ရာ ၎င်းနိုင်ငံများတွင် တရားမဝင် ဒုစရိုက် လုပ်ငန်း အခြေစိုက် လှုပ်ရှားရာ နေရာများ ပိုမို ပေါ်ပေါက်လာစေသည်။ စစ်တပ် အုပ်ချုပ်သည့် ကာလတွင် ဒေသတွင်း ရာဇဝတ်ဂိုဏ်းများသည် ဥပဒေ စိုးမိုးရေး မရှိခြင်း အပေါ် အခွင့်ကောင်းယူ၍ ၎င်းတို့၏ လွှမ်းမိုးမှုနှင့် ထိန်းချုပ်မှုတို့ကို တိုးချဲ့လာသည်။[17]

၁၄။ လက်ရှိ စီးပွားရေး အကျပ်အတည်း သာမက နယ်စပ် ကုန်စည်ကူးသန်းရေးနှင့် ရင်းနှီး မြှုပ်နှံမှု၊ ထောက်ပံ့ရေးကွင်းဆက်တွင် အနှောက်အယှက်ဖြစ်မှုနှင့် ငွေကြေးဖောင်းပွမှု ထိန်းချုပ်ရေး လုပ်ဆောင်ချက်များကြောင့် အာဆီယံ ဒေသတွင်း သာမက နိုင်ငံတကာ စီးပွားရေး ကဏ္ဍအပေါ် ကျယ်ပြန့်သော ဆိုးကျိုး သက်ရောက်မှုများ ဖြစ်စေပါသည်။ ခန့်မှန်းချက်များ အရ အာဆီယံ ဒေသတွင်း နိုင်ငံများသည် မြန်မာ စစ်တပ် အာဏာသိမ်းခြင်းကြောင့် ဆိုးကျိုးရလဒ်များစွာကို ခံထမ်းနေရပြီး ၂၀၂၂ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်၊ ဘဏ္ဍာနှစ်အတွင်း အိမ်နီးနားချင်း နိုင်ငံများ၏ ပြည်တွင်း

14 https://www.wfp.org/news/myanmar-brink-conflict-fuels-hunger.

15 https://specialadvisorycouncil.org/wp-content/uploads/2025/02/SAC-M-The-Military-Money-Myanmar-ENGLISH.pdf.

16 https://www.unodc.org/documents/crop-monitoring/Myanmar/Myanmar_Opium_Survey_2024.pdf.

17 https://www.interpol.int/en/News-and-Events/News/2023/INTERPOL-issues-global-warning-on-human-trafficking-fueled-fraud.

ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ) သည် အမေရိကန် ဒေါ်လာ ၁၆၂.၄ ဘီလီယံ အထိ ဆုံးရှုံးနိုင်ကြောင်း ဖော်ပြထားသည်။[18] အဆိုပါ လူ့အခွင့်အရေး အကျပ်အတည်းသည် အခြား နယ်စပ် ဖြတ်ကျော် ဖြစ်ပွားတတ်သော အရေးကိစ္စများ အပါအဝင် ကာလဝမ်းရောဂါ၊ အခြား ကူးစက် ရောဂါများ[19]၊ နယ်စပ်ဖြတ်ကျော် သက်ရောက်တတ်သော သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဘေးထွက် ဆိုးကျိုးများနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှု အပါအဝင် အခြား နယ်စပ်ဖြတ်ကျော် ပြဿနာများအား စီမံခန့်ခွဲရာ၌ ပို၍ အခက် တွေ့စေပါသည်။

## ၄။ ပြုပြင်ပြောင်းလဲရေး အတွက် ဆောင်ရွက်သည့် အဖွဲ့အစည်းများ

၁၅။ မြန်မာ စစ်တပ် အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် အကျပ်အတည်း ကာလ အတွင်း စစ်တပ်၏ အကြမ်းဖက်မှုများ ဆက်လက် ဖြစ်ပွားနေသော်လည်း တည်မြဲသော ရဲစွမ်းသတ္တိနှင့် ခံနိုင်ရည်စွမ်းတို့အား အစဉ်ပြသနေသည့် ပြုပြင်ပြောင်းလဲရေး အတွက် ဆောင်ရွက်သည့် အဖွဲ့အစည်းများ ပေါ်ထွက်လာခြင်းကြောင့် အပြုသဘော ဆောင်သည့် တိုးတက်ပြောင်းလဲမှု အချို့ ရှိလာပြီး ၎င်းအဖွဲ့အစည်းများသည် အနာဂတ် အသွင်ကူးပြောင်းရေး မျှော်မှန်းချက် ပန်းတိုင်သစ်ကို ရေးရှုကာ အရေးဆို ဆောင်ရွက်နေပါသည်။ စစ်တပ် အုပ်ချုပ်ခဲ့သော ယခင် ဆယ်စုနှစ် ကာလများ ကဲ့သို့ပင် အခြေခံ လူတန်းစား အခြေပြု အုပ်စုများနှင့် အရပ်ဖက် လူမှု အဖွဲ့အစည်းများသည် မြန်မာ လူထုကို စစ်တပ် ဖိနှိပ်အုပ်ချုပ်မှုအား တန်ပြန်နိုင်ရေး အတွက် ဆက်လက် ပံ့ပိုးပေးလျက် ရှိပါသည်။ ဘာသာရေး အဖွဲ့အစည်းများနှင့် ရပ်ရွာ အခြေပြု အဖွဲ့အစည်းများသည် အစိုးရ ဖြည့်ဆည်းပေးရန် လစ်ဟာနေသည့် ကျန်းမာရေးနှင့် ပညာရေး ကဏ္ဍများ ကဲ့သို့ အခြား ဝန်ဆောင်မှု လုပ်ငန်းများအား ကြိုးစား ဖြည့်ဆည်းပေးနေပါသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် အရပ်ဖက် လူမှု အဖွဲ့အစည်းများသည် နိုင်ငံအတွင်း ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား အာရှ ဒေသတွင်းနှင့် နိုင်ငံတကာ အဆင့် အရေးဆိုလှုံ့ဆော်ပေးသည့် လူ့အခွင့်အရေး ကွန်ယက်များနှင့် ပိုမို ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် အာရုံစိုက်နေကြသည်။ မြန်မာနိုင်ငံ နယ်စပ် ဒေသရှိ ကာလကြာရှည် ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများ အတွင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များသည် ဒေသခံများ အတွက် ဒေသန္တရ အုပ်ချုပ်ရေး ပုံစံ အမျိုးမျိုးနှင့် အကူအညီလိုသူများအား ထောက်ပံ့မည့် စနစ်များကို ချမှတ်ဖော်ဆောင်နိုင်ခဲ့သည်။ လွန်ခဲ့သည့် ဆယ်စုနှစ် အတွင်း၊ အထူးသဖြင့် ၂၀၂၁ ခုနှစ်၊ စစ်အာဏာ သိမ်းချိန်မှစ၍ လူငယ်များ အနေဖြင့် တီထွင်ဆန်းသစ်သည့် ဆက်သွယ်ရေး နည်းလမ်းများနှင့် သိပ္ပံနည်းပညာသစ်များကို အသုံးချခြင်းဖြင့် ကိုယ်ပိုင်အမှတ်လက္ခဏာ၊ လူ့အခွင့်အရေး၊ စီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ တွေးခေါ်မှု ပုံစံသစ်များကို အားကောင်းစေသည့် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူ လူငယ် မျိုးဆက်သစ် တစ်ရပ် ပေါ်ထွန်းလာကာ ၎င်းတို့သည် ထိလွယ်ရှလွယ်သော်လည်း အရှိန်အဟုန်ဖြင့် ပွင့်လင်းပြီး ဒီမိုကရေစီ ဆန်သည့် လူမှု အဖွဲ့အစည်းသို့ ဦးတည်နေသည့် မြန်မာ့ နိုင်ငံရေး သမိုင်းကြောင်း အပေါ် မျှော်လင့်ချက်ထားကာ ခွန်အားယူ လျှောက်လှမ်းနေဌပါသည်။

၁၆။ အခြားတစ်ဖက်တွင် နိုင်ငံရေး အစုအဖွဲ့နှင့် တိုင်းရင်းသား အဖွဲ့အစည်းများသည် ဒေသန္တရ အုပ်ချုပ်ရေး၊ ဒီမိုကရေစီ စနစ်ကျင့်သုံးရေးနှင့် စစ်တပ် ဦးဆောင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ အတွင်း ရရှိခဲ့သည့် အတွေ့အကြုံများ အပေါ် မူတည်၍ အတွေးအခေါ်သစ်များကို စတင် ရခဲ့သည်။ ၎င်းတွင် အတိတ်ကာလ၌ ဖြစ်ပွားခဲ့သော အမှားအယွင်းများနှင့် အကောင်အထည် မဖော်ခဲ့သည့်

[18] https://www.priceofwar.org/#/simulation/10000/MMR/2022.
[19] https://reliefweb.int/report/myanmar/myanmar-health-cluster-bulletin-february-2025

အခွင့်အလမ်းများအား ပိုမို နားလည် သဘောပေါက်ခြင်း၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် မိတ်ဖက် ပြုခြင်း၏ အရေးပါပုံ၊ ယခင် လူ့အခွင့်အရေး ချိုးဖောက်မှု၏ သဘော သဘာဝနှင့် ပမာဏ အတိုင်းအတာ၊ အမှန်တကယ် တာဝန်ခံမှု ရှိရန် လိုအပ်မှုနှင့် တိုင်းရင်းသား အားလုံး ပါဝင်နိုင်သည့် ဘုံရည်မှန်းချက် ပန်းတိုင် တစ်ရပ် ရှိရန် လိုအပ်ကြောင်းတို့ကို ပိုမို သဘောပေါက်လာကြသည်။ ရိုဟင်ဂျာများသည် မြန်မာ နိုင်ငံ၏ တစိတ်တပိုင်း အဖြစ် အသိအမှတ် ပြုလာခြင်း ကဲ့သို့ ရိုဟင်ဂျာ လူမျိုး အပေါ် အမြင်သဘောထား ပြောင်းလဲခြင်းနှင့် နိုင်ငံသား ဖြစ်ခွင့်နှင့်၊ အမျိုး၊ ဘာသာ ဆိုင်ရာ ဥပဒေများ အပါအဝင် နိုင်ငံတော် ဥပဒေများကို လုံးဝ ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်း အသိအမှတ်ပြုခြင်းသည် အားရဖွယ်ရာ အချက် ဖြစ်ပါသည်။

၁၇။ မြန်မာနိုင်ငံ၌ အားလုံးစုံညီ ပါဝင်ခွင့်ရပြီး ဒီမိုကရေစီနည်းကျသော အနာဂတ် နိုင်ငံတော်သစ် တစ်ရပ် ပေါ်ပေါက်လာရေး အတွက် လိုအပ်သော အခြေအနေများကို ဖန်တီးနေသည့် အဓိက ကျသော အဖွဲ့အစည်း အချို့ကို ဆက်လက် ဖော်ပြထားပါသည်။ “အပြောင်းအလဲ ဖော်ဆောင်သော အဖွဲ့အစည်းများ”သည် တစ်ဦးချင်းစီအားဖြင့် လည်းကောင်း၊ အစုအဖွဲ့အားဖြင့် လည်းကောင်း စွန့်လွှတ် အနစ်နာခံမှုများနှင့် မဆုတ်မနစ် ဆောင်ရွက်ချက်များဖြင့် အရပ်ဘက် လုပ်ပိုင်ခွင့် နေရာကို ထိန်းသိမ်းရင်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ကဏ္ဍ တိုးတက်ရေး အတွက် အားထုတ် ကြိုးပမ်းကြပါသည်။ ၎င်းတို့သည် ငြိမ်းချမ်းပြီး ဒီမိုကရေစီ နည်းကျသော အနာဂတ် နိုင်ငံတော်သစ် တစ်ရပ် ပေါ်ပေါက်လာပုံကို မျှော်လင့်ချက် အလင်းတန်း အဖြစ် သရုပ်ဖော် ပြသနေပါသည်။

## ၁။ အမျိုးသမီး

၁၈။ မြို့ပြနှင့် ကျေးလက် ဒေသများ အပါအဝင် အခြေခံ လူထု အခြေပြု တက်ကြွလှုပ်ရှားသူ၊ ပညာရှင်၊ စက်မှုလုပ်သား၊ ဆရာဝန်၊ သူနာပြု၊ ဆရာ/ ဆရာမ၊ နိုင်ငံရေးသမားနှင့် အရေးဆို လှုံ့ဆော်သူများ အပါအဝင် ကွဲပြားစုံလင်သော လူမှုအသိုက်အဝန်းနှင့် နောက်ခံအခင်းအကျင်းမှ အမျိုးသမီးများသည် ဒီမိုကရေစီရေး လှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ခဲ့ပြီး ၎င်းသည် (Women, Peace and Security Agenda)[20] ကုလသမဂ္ဂ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ဆိုင်ရာ အစီအစဉ်ကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်နေခြင်း ဖြစ်သည်။ အမျိုးသမီးများသည် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သည့် ဆန္ဒပြ သပိတ်အမျိုးမျိုးကို ဦးဆောင်ပါဝင်ခဲ့ကြသည်။ လက်ရှိ အချိန်တွင် စစ်အာဏာရှင်ကို ဆန့်ကျင်မှုကြောင့် အမျိုးသမီး ၄,၂၀၀ ကျော် အကျဉ်းချခံနေရပြီး[21] အကျဉ်းထောင်များ အတွင်း အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခံနေရကြောင်း သတင်းများက ဖော်ပြနေသည်။

၁၉။ အမျိုးသမီး အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် လူမှုကွန်ယက်များသည် ရှိရင်းစွဲ လူမှု အဖွဲ့အစည်း ကွန်ယက်များ အပေါ် အခြေခံ၍ ပြည်သူလူထု၏ ဘုံအကျိုး ဖြစ်ထွန်းရေး အတွက် အသက်တမျှ အရေးကြီးသော အရေးပေါ် အကူအညီများ ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်ရေး၊ မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများနှင့် စီးပွားရေး အခွင့်အလမ်းများကို လက်လှမ်းမီ ရရှိစေရေး လုပ်ငန်းစဉ်များတွင် စိန်ခေါ်မှု အကန့်အသတ် ကြီးမားလှပြီး ဘေးအန္တရာယ် ရှိသော်လည်း အဓိက အခန်းကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသည်။ အမျိုးသမီး အစုအဖွဲ့များသည် လက်နက်ကိုင် ပဋိပက္ခဒဏ် ခံစားနေသော လူထု အတွက် စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ ဆေးဝါး၊ တစ်ကိုယ်ရေ တစ်ကာယသုံး သန့်ရှင်းရေး ပစ္စည်းများနှင့် စိတ်ကျန်းမာရေး အထောက်အပံ့ ပေးခြင်း အားဖြင့် ၎င်းတို့၏ အတိဒုက္ခကို ဖြေလျှော့ပေးနေသည့် အဓိက အရင်းအမြစ် တစ်ရပ် အဖြစ် ဆက်လက် ရှင်သန်နေကြသည်။ ၎င်းတို့သည် နိုင်ငံရေး အကျဉ်းသားများ၏ မိသားစုဝင်များနှင့် အကြမ်းမဖက်

[20] https://dppa.un.org/en/women-peace-and-security
[21] https://aappb.org/

အာဏာ ဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ကြသူများကိုလည်း ထောက်ပံ့ကူညီခဲ့သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုအား မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းတို့တွင်လည်း အမျိုးသမီး အဖွဲ့အစည်းများက အဓိက အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်လာကာ အိမ်တွင်း အကြမ်းဖက်မှုနှင့် ရင်းနှီးကျွမ်းဝင်သူ လက်တွဲဖော်မှ အကြမ်းဖက်မှု အပါအဝင် လိင်နှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှု ကြုံဖူးသူများအား အဓိက ပံ့ပိုးပေးသည့် အရင်းအမြစ် အဖြစ်လည်း ဆောင်ရွက်ကြပါသည်။

၂၀။ မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် ဆယ်စုနှစ်ပေါင်းများစွာ လူမှုရေးနှင့် နိုင်ငံရေး ကဏ္ဍတွင် အရေးပါသော နေရာများ၌ တာဝန် ထမ်းဆောင်ခဲ့ကြပါသော်လည်း စစ်အာဏာသိမ်းမှုသည် မြန်မာ့ လူ့အဖွဲ့အစည်း အတွင်း၌ အမြစ်တွယ်နေသော ဖိုဝါဒကြီးစိုးသည့် စနစ်ကို ပြောင်းလဲရန်နှင့် အမျိုးသမီးများကို ခေါင်းဆောင် အဖြစ် မြှင့်တင်ရန် လိုအပ်နေပြီ ဖြစ်ကြောင်း ပိုမို ခိုင်မာစွာ သတိပေးနေပါသည်။ ရှေ့တန်း စစ်မြေပြင်တွင် တိုက်ပွဲဝင်သူ၊ ဒရုန်း မောင်းနှင်သူနှင့် ကျန်းမာရေး စောင့်ရှောက်သူများ အဖြစ် တာဝန်ထမ်းဆောင်ကြသော အမျိုးသမီးများသည် အတားအဆီးများကို ကျော်လွှားကာ ဖိုဝါဒ ကြီးစိုးသော စံနှုန်းများအား ငြင်းဆန်ပြီး ခွဲခြားဖယ်ထုတ်ခြင်းအား စိန်ခေါ်ကာ အကြမ်းဖက်မှုကို တားဆီးဖော်ထုတ်ရန် ထိရောက်သော စနစ်ယန္တရားများ ချမှတ်ဖော်ဆောင်ခြင်း အပါအဝင် ထုံးတမ်း အစဉ်အလာ အရ လက်ခံထားသော ဂျန်ဒါ ခံယူချက်များအား ပြန်လည် မေးခွန်းထုတ်ကြရန် အရေးဆို တိုက်တွန်းခဲ့ကြသည်။

၂၁။ အမျိုးသမီးများသည် စီမံအုပ်ချုပ်ရေး ဆိုင်ရာ စည်းမျဉ်းများနှင့် စနစ်များတွင် ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် ကိုယ်စားပြုခွင့် ပိုမို ရရှိရေး အတွက် ၎င်းတို့၏ တိုက်ပွဲဝင် တောင်းဆိုသံများ ပိုမို အားကောင်းလာသလို အောက်ခြေမှ အထက်သို့ ချဉ်းကပ်သော၊ အားလုံးစုံ ပါဝင်ခွင့် ရသော ဒေသန္တရ အုပ်ချုပ်ရေး စနစ်များသည်လည်း အားကောင်းလာခဲ့သည်။ ဥပမာအားဖြင့် ကယား ပြည်နယ်တွင် ကရင်နီ ကြားကာလ အုပ်ချုပ်ရေး ကောင်စီ ဖွဲ့စည်းရာ၌ အမျိုးသမီးများသည် အဓိက အခန်းကဏ္ဍတွင် တာဝန် ထမ်းဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် မြန်မာ့ အမျိုးသမီး သမဂ္ဂ၏ ဒုတိယ ပူးတွဲ အထွေထွေ အတွင်းရေးမှူးသည် ကောင်စီ၏ ပထမဆုံး အတွင်းရေးမှူး အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသောကြောင့် အဓိကကျသော အခန်းကဏ္ဍတွင် အမျိုးသမီးများ တာဝန် ထမ်းဆောင်မှုကို ထပ်လောင်း အတည်ပြုပါသည်။ အမျိုးသမီးများ ပိုမို ပါဝင်နိုင်ရေး အတွက် လမ်းစဉ် ချမှတ်သည့် အနေဖြင့် ကယားပြည်နယ် ပြန်လည် တည်ထောင်နေသည့် ကြားကာလ အစီအမံတွင် အစိုးရ စီမံအုပ်ချုပ်ရေး ကဏ္ဍ၌ အမျိုးသမီး ကိုယ်စားပြု ပါဝင်မှု ၃၀ ရာခိုင်နှုန်းထက် မနည်း ရှိရန် ပြဋ္ဌာန်းထားသည်။

## ၂။ လူငယ်

၂၂။ မြန်မာနိုင်ငံတွင် စစ်တပ် အာဏာသိမ်းမှုကြောင့် အဆိုးရွားဆုံး ထိခိုက်ခံရသည့် အုပ်စုမှာ အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား လူငယ်လူရွယ်များ ဖြစ်သည်။ ၎င်းတို့သည် မြန်မာ နိုင်ငံတွင် နိုင်ငံရေးနှင့် စီးပွားရေး တံခါးဖွင့်သည့် ကာလနှင့် လူမှုရေး အသွင်ကူးပြောင်းမှု အလျင်အမြန် ရှိခဲ့သည့် ကာလတွင် ကြီးပြင်းခဲ့ကြသူများ ဖြစ်ပြီး ထိုကာလသည် စစ်တပ် အာဏာသိမ်းမှုကြောင့် စိတ်မကောင်းဖွယ်ရာ အဆုံးသတ်ခဲ့ရသည်။ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းသည် အလွန် အန္တရာယ်များလာသော အခါ လူငယ် အများအပြားသည် မိသားစု၊ ပညာရေးနှင့် လုပ်ငန်းခွင်အား စွန့်ပယ်ကာ စစ်သင်တန်း သို့မဟုတ် စစ်လက်နက်များ မရရှိဘူးဘဲ လက်နက်ကိုင် တော်လှန်ရေးသို့ ဝင်ရောက်ခဲ့ကြသည်။ မြန်မာ စစ်တပ်သည် အကြမ်းဖက်ခြင်း၊ သတ်ဖြတ်ခြင်း၊ လိုက်လံဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ အစဖျောက်ခြင်း၊ တပ်သား စုဆောင်းခြင်းနှင့် အဓမ္မ စစ်မှုထမ်းစေခြင်း၊ သွားလာခွင့် ကန့်သတ်ခြင်း၊ အင်တာနက်မှ သတင်းအချက်အလက် မရရှိရန် ပိတ်ပင်ခြင်းနှင့် ပြည်တွင်း ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်စေခြင်းတို့သည် လူငယ်မျိုးဆက်သစ်အား အလွန်အကျွံ

ထိခိုက်စေခဲ့သည်။ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း ဆုံးရှုံးခြင်းသည် ရေရှည်တွင် မျိုးဆက်နှင့် ချီ၍ သက်ရောက်မှု ရှိစေနိုင်ပြီး ဆင်းရဲမွဲတေမှုနှင့် တည်ငြိမ်မှု မရှိသည့် အခြေအနေကို ပိုမို ဆိုးရွားစေမည် ဖြစ်သည်။

၂၃။ အခြားတစ်ဖက်၌ လူငယ်များသည် ဘေးကင်းလုံခြုံရေးနှင့် လူသားချင်း စာနာမှု ဆိုင်ရာ ရည်ရွယ်ချက်များ အတွက် သတိပေး၊ အစီရင်ခံ တိုင်ကြားနိုင်သည့် ကွန်ယက်များ ထူထောင်ခြင်းနှင့် အဓမ္မ စစ်သားစုဆောင်းမှုအား တန်ပြန်ရန်နှင့် သယံဇာတ တူးဖော်သည့် လုပ်ငန်းနှင့် ဆက်စပ်သော သဘာဝ ပတ်ဝန်းကျင် ဆိုးကျိုး သက်ရောက်မှုများအား ထောက်ပြနိုင်ရန် ရပ်ရွာလူထုအား ထောက်ပံ့ကူညီခြင်း လုပ်ငန်းစဉ်များ၌ အဓိက အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြပါသည်။ လူငယ်များသည် ဒေသန္တရ အုပ်ချုပ်ရေး စနစ်များ ထူထောင်ရေးနှင့် အားကောင်းရေး အတွက် ဆောင်ရွက်ရာတွင် နိုင်ငံရပ်ခြားမှ ငွေကြေးထောက်ပံ့ခြင်းနှင့် ကျွမ်းကျင်မှု အတတ်ပညာများ မျှဝေခြင်းဖြင့်လည်း ပံ့ပိုးဆောင်ရွက်နေပါသည်။ နိုင်ငံရေး အရ ဆိုရလျှင် ယနေ့ခေတ် လူငယ် မျိုးဆက်သစ်သည် လူမျိုးရေး ဆန်သည့် အရံအတားများကို ကျော်လွှားခြင်း၊ ဂျန်ဒါ လိင်စိတ် ခံယူချက်နှင့် ဆက်စပ်သော ယူဆချက်များအား စိန်ခေါ်ခြင်း သာမက အရေးဆိုတိုက်တွန်းမှုနှင့် နိုင်ငံရေး ဆိုင်ရာ ပူးပေါင်းပါဝင်မှုမှတစ်ဆင့် အချင်းချင်း အားဖြည့်ပေးခြင်းတို့အားဖြင့် အနာဂတ် မြန်မာ နိုင်ငံ အတွက် မျှော်မှန်းချက် ပန်းတိုင်သစ် တစ်ရပ်ဆီအား ထုဆစ်ပုံဖော်နေကြပါသည်။ ရှေ့သို့မျှော်ကြည့်ပါက လူငယ်များသည် မြန်မာနိုင်ငံ၏ အဖိုးတန်ဆုံးသော သယံဇာတ အရင်းအမြစ် တစ်ရပ် အဖြစ် ဆက်လက် တည်ရှိနေဆဲ ဖြစ်ပြီး လူငယ်များ၏ စွမ်းအားကို ထိန်းသိမ်းရယူရန်နှင့် လူငယ်များ၏ ဘဝသက်တာ အခွင့်အလမ်းများ အားကောင်းရေး အတွက် တတ်စွမ်းရှိသမျှ ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

## ၃။ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် အခြေခံ လူထု အခြေပြု ကွန်ယက်များ

၂၄။ ဒေသခံ အဖွဲ့အစည်းများနှင့် ရပ်ရွာလူထု ဦးဆောင်သည့် လှုပ်ရှားမှုများသည် လူအင်အား ငွေအင်အား အရင်းအမြစ်များ အကန့်အသတ် ရှိခြင်း၊ ငွေကြေး ထောက်ပံ့မှု ဖြတ်တောက်ခံရခြင်း၊ ရန်ပုံငွေ ရရှိရန် ခက်ခဲခြင်းနှင့် မြန်မာစစ်တပ်မှ တိုက်ရိုက် အန္တရာယ်ပြုခြင်းကို ရင်ဆိုင်ရသော်လည်း မကြာသေးမီက လျောင် ကဲ့သို့သော သဘာဝကပ်ဘေး ကာလတွင် ဘေးဒဏ်သင့် လူထု အတွက် ကူညီရုံမျှမက အကြမ်းဖက်မှုဒဏ် ခံစားရသော ပြည်သူလူထု၏ လူသားချင်း စာနာမှု၊ ကျန်းမာရေး၊ ပညာရေး၊ စားနပ်ရိက္ခာ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ယာယီ နေထိုင်ရေး လိုအပ်ချက်များအား ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် ရှေ့ထွက် ဆောင်ရွက်ခြင်း အားဖြင့် လူထု၏ ခံနိုင်ရည်စွမ်းကို အားဖြည့်ပေးသလို လူ့အသက်ပေါင်းများစွာ ကယ်တင်ရာတွင်လည်း ကြီးမားစွာ အထောက်အကူ ပြုပါသည်။ ယခင်က အလေးပေး ဖော်ပြခဲ့သည့် အတိုင်း[22] စိတ်ကျန်းမာရေး ဆိုင်ရာ ကိစ္စရပ်များ အပါအဝင် မသန်စွမ်း ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ပေးနေသည့် အဖွဲ့အစည်းများသည် စစ်တပ်၏ အကြမ်းဖက်မှုကြောင့် ပေါ်ပေါက်လာသည့် ကြီးမားသော လိုအပ်ချက်များကို ဖြေရှင်းရန် အဓိက အခန်းကဏ္ဍ၌ ဆက်လက် ပါဝင် ဆောင်ရွက်နေပါသည်။

၂၅။ အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် လူမှု အသိုက်အဝန်းများ အကြား ယုံကြည်မှု တည်ဆောက်ခြင်းနှင့် လူမှု စည်းလုံးညီညွတ်ရေး အတွက် အားပေး မြှင့်တင်ရာတွင် အရေးဆို တိုက်တွန်းမှုများ ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများအား မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း၊ သတင်းမှား သတင်းတုနှင့် စစ်တပ်၏ ဝါဒဖြန့်ချိမှုများအား တန်ပြန်ခြင်းအားဖြင့် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြသည်။ ၎င်းတို့သည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဒေသခံ လူထု အကြားတွင် ကြားခံများ အဖြစ် ဆောင်ရွက်ကြပြီး

[22] https://bangkok.ohchr.org/sites/default/files/documents/2024-10/a_hrc_57_56_auv-1.pdf

လူ့အခွင့်အရေး အခြေပြု အုပ်ချုပ်မှုစနစ်သစ်များ တည်ထောင်ရာတွင်လည်း အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံအား ပြန်လည် တည်ဆောက်ရာ၌ အရပ်ဘက် လူမှု အဖွဲ့အစည်း၏ အသံအား အခြေခံ လူထုမှသည် မူဝါဒ ရေးရာ ချမှတ်သူများ အဆင့်အထိ မဖြစ်မနေ နားထောင်ရန် လိုအပ်ပြီး ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင်လည်း လူမှု အဖွဲ့အစည်းများ ပါဝင်စေရန် လိုအပ်ပါသည်။

## ၄။ ဒီမိုကရေစီ အရေး လှုပ်ရှားသူများ

၂၆။ ဌာန အသီးသီးမှ နိုင်ငံ့ ဝန်ထမ်းများသည် အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ရန် ဝန်ထမ်းအဖြစ်မှ အစုလိုက် အပြုံလိုက် နုတ်ထွက်၍ စစ်အုပ်ချုပ်ရေးကို ငြင်းပယ်ကြောင်း ပြတ်ပြတ်သားသား ထုတ်ဖော်ပြသခဲ့ကြသည်။ လူအများအပြားသည် ၎င်းတို့၏ အလုပ်အကိုင်၊ အိုးအိမ်နှင့် ဘဝ လုံခြုံရေး အာမခံချက်များကို စွန့်လွှတ်ကာ စစ်တပ်၏ အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်ခဲ့ပြီး လက်ရှိအချိန်တွင် အခြား အုပ်ချုပ်ရေး ယန္တရားများအား စုစည်းဖော်ဆောင်ရာ၌ ပါဝင် ကူညီနေကြသည်။ ထို့အပြင် ဆရာဝန်၊ ရှေ့နေ၊ ကျောင်းဆရာနှင့် အင်ဂျင်နီယာ အပါအဝင် အခြား ကဏ္ဍ အသီးသီးရှိ ကျွမ်းကျင်သူများသည် ၎င်းတို့၏ အသိပညာနှင့် ကျွမ်းကျင်မှုအား စစ်တပ် မထိန်းချုပ်နိုင်သော ဒေသတွင် ပြန်လည် မျှဝေပံ့ပိုးပေးကြသည်။ အလုပ်သမား သမဂ္ဂဝင်များသည် တိမ်းရှောင်နေရသော်လည်း မြန်မာ အလုပ်သမားများ အတွက် အရေးဆို တိုက်တွန်းခြင်းနှင့် ပံ့ပိုးခြင်းများ ဆက်လက် ဆောင်ရွက်ပေးနေသလို အပြည်ပြည်ဆိုင်ရာ အလုပ်သမား သမဂ္ဂ အဖွဲ့အစည်း ကွန်ယက်များနှင့်လည်း အစဉ်တစိုက် ချိတ်ဆက်ဆောင်ရွက်နေပါသည်။

၂၇။ ၂၀၂၁ ခုနှစ်၊ မတ်လတွင် ကြေညာခဲ့သော ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်သည်[23] ဒီမိုကရေစီ လှုပ်ရှားမှု အတွက် ဘုံတူညီချက် ရှိသော မူဘောင် တစ်ရပ် အဖြစ် ရပ်တည်လာခဲ့ကာ အမျိုးသား ညီညွတ်ရေး အစိုးရ (အန်ယူဂျီ)နှင့် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ (အန်ယူစီစီ) ကဲ့သို့ အဖွဲ့အစည်းများ တည်ထောင်စေနိုင်မည့် အခြေခံ အုတ်မြစ်အား ဖန်တီးပေးခဲ့သည်။ အန်ယူစီစီသည် ကွဲပြားစုံလင်သော လူမှု အသိုက်အဝန်းအား ကိုယ်စားပြုမှုနှင့် ပူးပေါင်းပါဝင်မှု အားကောင်းစေရေး အတွက် ပိုမို ဆောင်ရွက်ရန် လိုအပ်သော်လည်း ၎င်းသည် ဒီမိုကရေစီ အင်စတီကျူးရှင်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဦးတည်သည့် အရပ်ဘက်နှင့် စစ်ဘက် ဆိုင်ရာ အစုအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်း၏ ဥပမာကောင်း တစ်ရပ် ဖြစ်သည်။

## ၅။ သတင်းမီဒီယာ

၂၈။ မြန်မာနိုင်ငံ၏ အကျပ်အတည်းမှာ နိုင်ငံတွင်း ဖြစ်ပေါ်နေသော အခြေအနေကို မီးမောင်း ထိုးပြရန် ဆောင်ရွက်သူများ၏ ရဲစွမ်းသတ္တိ ပြောင်မြောက်သော လုပ်ဆောင်ချက်များ မရှိလျှင် အမေ့လျော့ခံ ဖြစ်နိုင်ပါသည်။ ၎င်းတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ မှတ်တမ်း ပြုစုသူများ၊ သတင်းထောက်များ၊ ဓာတ်ပုံ ပညာရှင်များ၊ ဆိုရှယ် မီဒီယာ သမားများ၊ ရုပ်သံ စာပေ တည်းဖြတ်သူများနှင့် မီဒီယာ သမား အားလုံး ပါဝင်ကြပါသည်။ စစ်အာဏာ သိမ်းပြီးနောက်ပိုင်း သတင်းမီဒီယာ အဖွဲ့အစည်း ၁၅ ခု ပိတ်သိမ်းခံရပြီး[24] သတင်း မီဒီယာ လုပ်သား ၁၉၃ ဦး ဖမ်းဆီးခံခဲ့ရကာ ၎င်းတို့မှ ၅၇ ဦးသည် ယနေ့အထိတိုင် အကျဉ်းထောင် အတွင်း ဖမ်းဆီးခံနေရဆဲ[25] ဖြစ်သလို အသင်းသမား အများအပြား သာမက အထူးသဖြင့် အမျိုးသမီးနှင့် တိုင်းရင်းသား သတင်း သမားများလည်း ပြည်ပသို့ တိမ်းရှောင်ကြရသည်။ မြန်မာ နိုင်ငံရှိ သတင်း မီဒီယာ သမားများသည်

---

23 https://mofua.nugmyanmar.org/uploads/publications/WmSsxrT486Vd6jGq2o6CJ7XzUL7mAXp32rGrAGoq.pdf

24 https://www.bnionline.net/en/news/myanmars-internet-freedom-and-press-freedom-worsen

25 https://aappb.org/

ပုဂ္ဂိုလ်ရေး အသက် အန္တရာယ် ကြီးမားစွာ ရင်ဆိုင်ရခြင်း၊ ကန့်သတ်ချုပ်ချယ်မှု၊ အင်တာနက် ဖြတ်တောက်မှုနှင့် နောက်ယောက်ခံစောင့်ကြည့်မှုများ ရှိသော်လည်း အသက်တမျှ အရေးကြီးသော သတင်း အချက်အလက်နှင့် သဘာဝ ဘေးအန္တရာယ် ဆိုင်ရာ သတင်းများကို ပြည်သူလူထု အတွက် တင်ဆက် ပေးနေပါသည်။ လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့အစည်း အားလုံးမှ ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများ အပေါ် လွတ်လပ်သော သတင်း မီဒီယာများ၏ အစီရင်ခံ တင်ပြမှုသည် အနာဂတ်တွင် တာဝန်ခံမှု ရှိစေရေး အတွက် အခြေခံ အုတ်မြစ်များ ဖြစ်လာပါသည်။

၂၉။ မြန်မာနိုင်ငံအား လက်ရှိ အကျပ်အတည်းလွန် ကာလတွင် ပြန်လည် တည်ဆောက်ရာ၌ လွတ်လပ်သော မီဒီယာဖြင့် ခိုင်မာအားကောင်းသော အရပ်သား အုပ်ချုပ်ရေး စနစ်အား ပြန်လည် တည်ဆောက်ခြင်းသည် အဆင့်တိုင်းတွင် ဒီမိုကရေစီ စနစ် ထွန်းကားရေး၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု ရရှိရေး အတွက် အဓိက အရေးကြီးဆုံး လုပ်ငန်းစဉ် တစ်ရပ် ဖြစ်လာပါလိမ့်မည်။ သတင်း မီဒီယာ လောက၏ ပံ့ပိုးပေးမှုသည် ဘာသာရေးနှင့် လူမျိုးရေး ကွဲပြားမှု၊ အငြင်းပွားမှုနှင့် ခွဲခြားဆက်ဆံမှုများ ပိုမို ဖြစ်ပွားစေသည့် စစ်တပ် ပုံဖော်နေသည့် လုပ်ကြံ ဇာတ်ကြောင်းများကို ကျော်လွှားနိုင်ရန် အလွန် အရေးပါသလို လူ့အခွင့်အရေး၊ တန်းတူညီမှုရေးနှင့် အားလုံးစုံ ပါဝင်ရေးတို့ကို မြှင့်တင်ရာ၌လည်း အခရာ ကျပါသည်။ သီးခြားလွတ်လပ်ပြီး အမှီအခိုကင်းသည့် သတင်း မီဒီယာ ကဏ္ဍသည် ဒီမိုကရေစီနှင့် တရားမျှတမှုကို အားကောင်းစေခြင်း၊ ပြန်လည် သင့်မြတ်ရေး ဖြစ်စဉ်ကို အားပေးမြှင့်တင်ခြင်းနှင့် မြန်မာ စစ်အာဏာပိုင်များက ဆယ်စုနှစ် များစွာ ပုံဖော်သည့် မဟုတ်မမှန် ဝါဒဖြန့်မှုများမှ လူ့အဖွဲ့အစည်းအား ပြန်လည် ကုစားခြင်း လုပ်ငန်းစဉ်တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေပါသည်။

## ၅။ ပြုပြင်ပြောင်းလဲရန် လမ်းကြောင်းများ

၃၀။ အောက်ဖော်ပြပါ ကဏ္ဍတွင် OHCHR ရုံး၏ ဆွေးနွေးတိုင်ပင်မှုများမှ တစ်ဆင့် ရရှိထားသော တွေးဆချက်များနှင့် အကြံပြု တိုက်တွန်းချက်များကို ပြည်သူ့ဆန္ဒအား ဖြည့်ဆည်းပေးရန် အဓိက ကျသော လမ်းကြောင်း လေးမျိုး အဖြစ် စုစည်းတင်ပြထားပါသည်။ ၎င်းလမ်းကြောင်း လေးမျိုးမှာ တာဝန်ခံမှုရှိရေး၊ စီမံအုပ်ချုပ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာ/ ဒေသတွင်း နိုင်ငံများ၏ ဆောင်ရွက်ချက်များကို ဖော်ပြထားပါသည်။

### ၁။ တာဝန်ခံမှု ရှိရေး

၃၁။ မြန်မာနိုင်ငံတွင် စစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ခံစားရသည် ဖြစ်ရာ ပါဝင်ဆွေးနွေးသူများသည် တာဝန်ခံမှု ရှိရေးနှင့် တရားမျှတမှု အပေါ် အခြေခံကာ အနာဂတ် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကာလ အတွက် ရည်မှန်းချက် ပန်းတိုင်ကို အခိုင်အမာ ဆွေးနွေးခဲ့ကြပါသည်။ ကျူးလွန်သူများအား အပြစ်ပေး အရေးယူမှု မရှိခြင်းသည် မြန်မာ စစ်အုပ်ချုပ်ရေး၏ အမှတ်လက္ခဏာ ဖြစ်သောကြောင့် ငြိမ်းချမ်းရေး ရရှိရန်မှာ တာဝန်ခံမှု ရှိရေးနှင့် ပြန်လည် ကျေအေးသင့်မြတ်ရေး လိုအပ်ကြောင်း ပါဝင်ဆွေးနွေးသူများက တညီတညွတ်တည်း အလေးပေး ပြောဆိုခဲ့ကြပါသည်။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး အကျဉ်းသား အားလုံး ပြန်လွှတ်ပေးရန် လိုအပ်ကြောင်းကိုလည်း အစဉ်တစိုက် ထောက်ပြ ဆွေးနွေးခဲ့ပါသည်။ လက်နက်ကိုင် အဖွဲ့အသီးသီးမှ ပြစ်မှု ကျူးလွန်သူများအား ပြည်တွင်း၊ ပြည်ပ သို့မဟုတ် ပေါင်းစပ် တရားရေး စနစ်မှတစ်ဆင့် တရားစွဲ အရေးယူရမည် ဖြစ်ပြီး ရာဇဝတ်မှု ဆိုင်ရာ တာဝန်ခံမှု၏ အရေးပါပုံကိုလည်း ပါဝင်ဆွေးနွေးသူများက အထူးပြု ပြောကြားခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ

အဆင့် တိုးတက်မှုများ အရ အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံး (အိုင်စီစီ) ၏ ရှေ့နေချုပ်က[26] အာဏာသိမ်း စစ်ခေါင်းဆောင်အား (အိုင်စီစီ)မှ ဖမ်းဝရမ်းထုတ်ရန် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် တောင်းဆိုခဲ့ပြီး အိုင်စီစီ၏ တရားခွင်အကြိုတရားရုံးမှ တရားသူကြီးများ (Pre-Trial Chamber) ၏ အဆုံးအဖြတ်ကို စောင့်ဆိုင်းနေရချိန် ဖြစ်သလို အပြည်ပြည်ဆိုင်ရာ တရားရုံး (အိုင်စီဂျေ) ၌လည်း ဂမ်ဘီယာနှင့် မြန်မာ နိုင်ငံတို့ အကြား ဥပဒေ ဆိုင်ရာ တရားစွဲဆို အငြင်းပွားမှုများတွင် နောက်ဆုံး ငြင်းဆိုချက်ကို နောက်ဆုံးထား၍ ရေးသား တင်သွင်းသည့် နောက်ဆုံး အဆင့်တွင် ရောက်ရှိနေပြီ ဖြစ်သည်။ ထို့အပြင် အာဂျင်တီးနား တရားရုံးကလည်း[27] ကမ္ဘာလုံးဆိုင်ရာ တရား စီရင်ပိုင်ခွင့် အပေါ် အခြေခံ၍ ဖမ်းဝရမ်း ထုတ်ခဲ့သည်။ ပါဝင်ဆွေးနွေးသူ အများအပြားက တာဝန်ခံမှု ရှိရေး အတွက် အရေးယူရာတွင် မြန်မာ နိုင်ငံ၏ အခြေအနေ တစ်ရပ်လုံးကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံးသို့ လွှဲပြောင်းရေး ကဲ့သို့သော ပိုမို အားကောင်းပြီး လွှမ်းခြုံမှု ရှိသည့် အရေးယူ ဆောင်ရွက်ချက်များ ချမှတ်ဖော်ဆောင်ရန် တောင်းဆိုခဲ့သည်။

၃၂။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ တော်လှန်ရေး လက်နက်ကိုင် အဖွဲ့များနှင့် ဒီမိုကရေစီ အရေး လှုပ်ရှားသူများသည် အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှု ဆိုင်ရာ အစပြု လုပ်ငန်းစဉ်များ အတွက် အခြေခံ အုတ်မြစ် ချနိုင်ရန် လိုအပ်သော အသိပညာနှင့် ရင်းမြစ်များကို စုစည်းလေ့လာနေကြပြီ ဖြစ်ကြောင်း ပါဝင်ဆွေးနွေးသူများက မီးမောင်းထိုး ပြောကြားခဲ့သည်။ ကဏ္ဍပေါင်းစုံ လွှမ်းခြုံသော အသွင်ကူးပြောင်းရေး ဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များအား ဖော်ဆောင်ရန် အချိန် ယူရနိုင်သော်လည်း မြန်မာ့ လူ့အဖွဲ့အစည်း အတွင်း အမှန်တရားအား မထိန်ချန်ဘဲ ထုတ်ဖော်ပြောဆိုရေး၊ အထူးသဖြင့် ရိုဟင်ဂျာ၊ ရခိုင်၊ ကချင်၊ ချင်းနှင့် ကရင် လူမျိုးစုများ အပေါ် အတိတ်က ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများ အပြင် ရာဇဝတ် ပြစ်မှုကြီးများကို ဝန်ခံ အသိအမှတ် ပြုရေးနှင့် လူမျိုးကြီး ဝါဒ ကင်းရှင်းသော လူ့ဘောင်သစ် တစ်ရပ် ပေါ်ထွန်းရေး အတွက် ပို၍ လက်သင့်ခံလာပြီ ဖြစ်ကြောင်း သိသာထင်ရှားလှပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများ တဖန် ပြန်လည် မဖြစ်ပွားရေး အတွက် အဓိက အာမခံချက်များ အဖြစ် ကျူးလွန်ခံရသူများအား ပြန်လည်ကုစား လျော်ကြေးပေးရန်၊ မူရင်းနေရပ်သို့ ပြန်ခွင့်ရရန်၊ လူနည်းစု ဘာသာစကား အခွင့်အရေးများ အပြင် ယဉ်ကျေးမှု အခွင့်အရေးများ လေးစားရန်နှင့် ခွဲခြား ဆက်ဆံမှုများအား အဆုံးသတ်ရန် ဟူသော အချက်များကို ပါဝင်ဆွေးနွေးသူများက အလေးပေး ပြောကြားခဲ့သည်။ ဤလုပ်ငန်းစဉ်များအား မြန်မာ့ လူ့အဖွဲ့အစည်းမှ ကိုယ်တိုင် ဦးဆောင် အကောင်အထည် ဖော်ရမည် ဖြစ်ပြီး ၎င်းတွင် ကျူးလွန်ခံရသူများနှင့် ရပ်ရွာ အသိုက်အဝန်း လူထု တစ်ရပ်လုံး အားလုံးစုံညီ မဖြစ်မနေ ပါဝင်ဆောင်ရွက်ရပါမည်။

၃၃။ တရားသူကြီးများသည် တရားစီရင်ရေး အာဏာကို အမှီအခိုကင်းစွာ စနစ်တကျ ကျင့်သုံးရန် ပျက်ကွက်ခြင်း၊ သက်သေ အထောက်အထား မရှိဘဲ လူအများအား စီရင်ချက် ချခြင်းနှင့် ထောင်သောင်းချီသော လူများအား ထောင်ဒဏ်ချမှတ်ခြင်းတို့ကို ကျူးလွန်ခဲ့သည် ဖြစ်ရာ မြန်မာ နိုင်ငံ၏ လက်ရှိ တရားစီရင်ရေး မဏ္ဍိုင်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် တာဝန်ရှိသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း နိုင်ငံရေး အကျဉ်းသားဟောင်းများက အထူး အလေးပေး ပြောကြားခဲ့သည်။ ပါဝင်သူများက အကြံပေး ဆွေးနွေးနေစဉ် မြန်မာ နိုင်ငံ၏ တရားစီရင်ရေး စနစ်သည် စစ်တပ် အလိုကျ အပြည့်အဝ ဆောင်ရွက်မှုကို ရှုံ့ချခဲ့ပြီး တရားစွဲခံရသူများဘက်မှ အမှုလိုက်ရသည့် ရှေ့နေများမှာလည်း ဖမ်းဆီးခံရနိုင်မည်ကို စဉ်ဆက်မပြတ် ကြောက်ရွံ့နေရကာ မျှတသော တရားစီရင်ရေးရာ အာမခံချက် မရှိသည့် အခြေအနေတွင် ဆောင်ရွက်နေရကြောင်း

[26] https://www.icc-cpi.int/bangladesh-myanmar.

[27] https://legalactionworldwide.org/accountability-rule-of-law/argentina-court-issues-arrest-warrants-for-genocide-and-crimes-against-humanity-committed-against-the-rohingya-community/.

တညီတညွတ်တည်း ပြောဆိုခဲ့သည်။ သို့ဖြစ်ပါ၍ လက်ရှိ အကျပ်အတည်း ကာလ ပြီးဆုံးပါက လူ့အခွင့်အရေးနှင့် တရားဥပဒေ စိုးမိုးရေး အခြေခံမှုများ အပေါ် အခြေခံသည့် တရားစီရင်ရေး မဏ္ဍိုင် တစ်ရပ်ကို ပြန်လည် ဖွဲ့စည်းတည်ဆောက်ရန်မှာ အလွန် အရေးကြီးလှပါသည်။[28] တရားစီရင်ရေး ကဏ္ဍ လွတ်လပ်မှု ရှိရေးဆီသို့ ဦးတည် လျှောက်လှမ်းရာတွင် ဥပဒေသစ်များ ရေးဆွဲ ပြဋ္ဌာန်းခြင်း၊ တရားစီရင်ရေး ကဏ္ဍနှင့် ဆက်စပ်သော ပုဂ္ဂိုလ်များ၏ နောက်ကြောင်းကို အထူး စိစစ်ခြင်း၊ ကျွမ်းကျင်သူ ပညာရှင်များ ခန့်အပ်ခြင်း၊ ကွဲပြားစုံလင်သော နောက်ခံ အခင်းအကျင်းမှ ပုဂ္ဂိုလ်များအား ကိုယ်စားပြု ပါဝင်စေခြင်းနှင့် တရားစီရင်ရေး ကဏ္ဍအား မျှတစွာ စီမံနိုင်စေရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများ အပါအဝင် အဖွဲ့အစည်း ယဉ်ကျေးမှုနှင့် အင်စတီကျူးရှင်း ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအား နိုင်ငံတကာ စံနှုန်းနှင့် အညီ ဖော်ဆောင်ရန် လိုအပ်ပါလိမ့်မည်။

၃၄။ အမျိုးသား ညီညွတ်ရေး အစိုးရ (အန်ယူဂျီ)သည် ၎င်း၏ လက်နက်ကိုင် တပ်ဖွဲ့များနှင့် အုပ်ချုပ်ရေးမှူးများက ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက် တိုင်ကြားနိုင်သည့် စနစ် ယန္တရား တစ်ခုကို တည်ထောင်ခြင်း အပါအဝင် အခြား တာဝန်ခံမှု ရှိရေး လုပ်ငန်းစဉ်များအား ချဉ်းကပ် အကောင်အထည် ဖော်နေချိန်တွင် ၎င်း၏ အလွှာ အသီးသီးနှင့် အစိုးရ အဆင့်တိုင်းတွင် ပွင့်လင်းမြင်သာမှုဖြင့် ဆောင်ရွက်နိုင်ရေး အတွက် တောင်းဆိုချက်များကို OHCHR က ပုံမှန် လက်ခံ ရရှိနေသည်။ အန်ယူဂျီသည် ဆက်ကြေး ကောက်ခြင်းနှင့် ငွေကြေး ထောက်ပံ့ခြင်း၊ တရားစီရင်မှု အခြေအနေ၊ လိင်နှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အပေါ် တိုင်ကြားချက် အပြင် နိုင်ငံရေး အရ နီးစပ်ရာ တာဝန် ခန့်အပ်မှုနှင့် ဆက်စပ်သော ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ၎င်း၏ ဆောင်ရွက်ချက်များ အပေါ် စိုးရိမ်မိကြောင်း ပါဝင် ဆွေးနွေးသူများက ပြောကြားခဲ့သည်။ တော်လှန်ရေး လက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း အဓမ္မ စစ်သား စုဆောင်းခြင်း၊ ဖမ်းဆီး ချုပ်နှောင်ခြင်း၊ သတ်ဖြတ်ခြင်း၊ ငွေညှစ်ခြိမ်းခြောက်ခြင်း၊ ဂျန်ဒါ အခြေပြု အကြမ်းဖက်မှုများနှင့် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် အပါအဝင် အခြား လူနည်းစု အသိုက်အဝန်းများ၏ အခွင့်အရေးကို ကန့်သတ်ချုပ်ချယ်သည့် လုပ်ရပ်များ အတွက် တာဝန် ရှိပါသည်။[29] ဖော်ပြပါ အဖွဲ့အစည်းများသည် လူ့အခွင့်အရေးအား လိုက်နာစောင့်ထိန်းရမည့် အာဏာပိုင် တာဝန်ရှိသူများ ဖြစ်ပြီး ၎င်းတို့၏ လုပ်ဆောင်ချက်များသည် ၎င်းတို့ ထိန်းချုပ်နယ်မြေရှိ အရပ်သားများ၏ ဘေးကင်းလုံခြုံရေးနှင့် လူထု၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနေသည့် အရပ်ဘက် လူမှု အဖွဲ့အစည်းများကို မဖြစ်မနေ ပံ့ပိုးပေးရပါမည်။

## ၂။ ကောင်းမွန်သော စီမံအုပ်ချုပ်ရေး

၃၅။ မြန်မာ ပြည်သူများ စဉ်ဆက်မပြတ် လိုလားသော လိုအင်ဆန္ဒမှာ လွတ်လပ်ပြီး တရား မျှတသော ရွေးကောက်ပွဲများမှ ရွေးချယ်တင်မြှောက်ထားသော လူထု ကိုယ်စားလှယ်များနှင့် အားကောင်းသော ပြည်တွင်း အင်စတီကျူးရှင်း အပေါ် အခြေခံသည့် အရပ်သား ဦးဆောင်သော၊ ဖက်ဒရယ် ဒီမိုကရေစီနှင့် ကိုက်ညီသော လူ့အဖွဲ့အစည်း ဖြစ်ကြောင်း အစုအဖွဲ့ အသီးသီးမှ ပါဝင် ဆွေးနွေးသူများက အထူးပြု ပြောကြားခဲ့သည်။ ၎င်းအင်စတီကျူးရှင်းများသည် ပွင့်လင်းမြင်သာမှု၊ အလုံးစုံ ပါဝင်နိုင်မှု၊ ကွဲပြားစုံလင်မှု၊ တန်းတူညီမျှမှုနှင့် လူ့အခွင့်အရေးအား လေးစားလိုက်နာမှု အပေါ် အခြေခံသင့်ပါသည်။ ဖော်ပြပါ မျှော်မှန်းချက် ပန်းတိုင်များ အထမြောက် အောင်မြင်စေရန် အလို့ငှာ နိုင်ငံတော် အုပ်ချုပ်ရေး အဖွဲ့အစည်းများအား အထူးတလည် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ဟု ပါဝင်ဆွေးနွေးသူများက အလေးပေး ပြောကြားခဲ့ပြီး လက်ရှိ စနစ်အား လုံးဝ ဖျက်သိမ်းရန်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်အား မြန်မာ စစ်တပ်နှင့် မည်သည့် လက်နက်ကိုင် အဖွဲ့တွင်မှ

28 A/HRC/57/56.

29 https://bangkok.ohchr.org/sites/default/files/documents/2025-02/AnnualUpdateontheHumanRightsSituationinMyanmar2024v.final_.pdf

မထားရှိရန်နှင့် အရပ်သား အပြည့်အဝ ထိန်းချုပ်သော အစိုးရ တစ်ရပ် အစားထိုး ထူထောင်နိုင်ရန် လိုအပ်ကြောင်း အချို့ ဆွေးနွေးသူများက အကြံပြုခဲ့သည်။

၃၆။ ဖက်ဒရယ် ဒီမိုကရေစီ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား မူကြမ်းရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ပြည်သူလူထုအား ကျယ်ကျယ်ပြန့်ပြန့်၊ အဓိပ္ပာယ် ရှိစွာ ပါဝင်ဆွေးနွေးခွင့်ပြုခြင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ မဲဆန္ဒနယ်များအား ဒေသ အခြေပြု ဆုံးဖြတ်ပိုင်ခွင့်နှင့် အခွင့်အရေး ပေးရာ ရောက်ပြီး ဒီမိုကရေစီ ပန်းတိုင်သို့ ဦးတည်လျှောက်လှမ်းရာတွင် အခြေခံ အုတ်မြစ် အဖြစ် မရှိမဖြစ် အရေးပါလှပါသည်။ ဥပဒေရေးရာ ပြန်လည် သုံးသပ်မှု လုပ်ငန်းစဉ်များအား လူ့အခွင့်အရေး စံချိန်စံနှုန်းနှင့် အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ရိုဟင်ဂျာနှင့် အခြား လူနည်းစု အသိုက်အဝန်းများ အပေါ် သက်ရောက်သော ၁၉၈၂ မြန်မာ နိုင်ငံသား ဥပဒေ ကဲ့သို့ ဥပဒေများ အပါအဝင် ဆယ်စုနှစ်ပေါင်း များစွာ လူမျိုးရေး၊ ဘာသာရေးနှင့် ကျားမရေးရာ ခွဲခြားဆက်ဆံသည့် ဥပဒေများအား ဖယ်ရှားနိုင်ရန် လိုအပ်ကြောင်း ဥပဒေ ပညာရှင်များက ထောက်ပြခဲ့သည်။ အသရေဖျက်မှု ဥပဒေဖြင့် အတိုက်အခံများအား နှိပ်ကွပ်သကဲ့သို့ နိုင်ငံတော် ဥပဒေအား လက်နက်သဖွယ် အသုံးပြုနေသည့် အလေ့အထကို နိဂုံးချုပ်ရန် လိုအပ်ကြောင်းကိုလည်း ၎င်းတို့က မီးမောင်းထိုး ပြောကြားခဲ့ပါသည်။

၃၇။ အနာဂတ် စီမံအုပ်ချုပ်ရေး စနစ်သည် အရပ်ဘက် ကဏ္ဍနှင့် အခြေခံ လွတ်လပ်ခွင့်အား မဖြစ်မနေ အားပေး၊ ကာကွယ်ရမည် ဖြစ်ကြောင်းနှင့် ၎င်းသည် တာဝန်ခံမှု ရှိရေးနှင့် ဒီမိုကရေစီ ရရှိရေး အတွက် အဓိကကျသော အစိတ်အပိုင်းများ ဖြစ်ကြောင်း ပါဝင် ဆွေးနွေးသူများက အလေးအနက် ပြောကြားခဲ့သည်။ သတင်း မီဒီယာ၊ လူ့အခွင့်အရေး အဖွဲ့၊ အမျိုးသမီး ရေးရာ အဖွဲ့၊ ကျောင်းသား သမဂ္ဂနှင့် သပိတ် ကော်မတီများ အပါအဝင် အခြား လူမှု အဖွဲ့အစည်းများသည် လူ့အခွင့်အရေးအား ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည့် အာဏာပိုင် တာဝန်ရှိ အဖွဲ့အစည်းများ သာမက လက်နက်ကိုင် အဖွဲ့အစည်းများ၏ လုပ်ရပ်များအား တာဝန်ခံမှု ရှိစေရေး အတွက် ထိန်းကျောင်းရမည့် အထင်ကရ အဖွဲ့အစည်းများ ဖြစ်ကြပါသည်။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝ သယံဇာတ အရင်းအမြစ်များအား စီမံခန့်ခွဲမှု အပါအဝင် အာဏာပိုင် တာဝန်ရှိသူများ၏ လုပ်ရပ်များအား တာဝန်ခံမှု ရှိစေရေး ကိစ္စရပ်တွင် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်း၏ အရေးပါမှုကို ပါဝင်ဆွေးနွေးသူများက အလေးထား ပြောကြားခဲ့သည်။

၃၈။ စီမံအုပ်ချုပ်မှုတွင် အရိုးစွဲနေသော အထက်မှ အောက်သို့ စီမံသည့်၊ ဗဟိုချုပ်ကိုင်သော စနစ်သည် မတည်ငြိမ်မှု ဖြစ်စေသည့် အဓိက အကြောင်းရင်း တစ်ရပ် ဖြစ်သည်ဟု ဆွေးနွေးသူ အများအပြားက ဖော်ပြခဲ့သည်။ ထို့ကြောင့် ဆွေးနွေးသူ အများစုက အောက်ခြေမှ အထက်သို့ ချဉ်းကပ်သည့် စီမံအုပ်ချုပ်နည်းအား နှစ်သက် လိုလားကြောင်း၊ ၎င်းသည် ဗဟို ချုပ်ကိုင်မှု လျှော့ချကာ ဒေသန္တရ လုပ်ပိုင်ခွင့်ကို အလေးပေးကြောင်း ပြောကြားခဲ့သည်။ ထိုသို့ စီမံ အုပ်ချုပ်ခြင်းသည် ပိုမို ကွဲပြားသည့် အခြေအနေသို့ တွန်းပို့နိုင်ကြောင်း အချို့က စိုးရိမ်စွာ ဆွေးနွေးခဲ့ကြသော်လည်း ဒီမိုကရေစီ မျှော်မှန်းချက် ပန်းတိုင် အထမြောက် အောင်မြင်ရန် အလို့ငှာ အချိန်ယူရနိုင်ကြောင်း၊ နိုင်ငံတကာ အထောက်အပံ့ အများအပြား လိုအပ်ကြောင်းနှင့် လိုက်လျော ညီထွေစွာ ပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း အခြားသူများက ဆွေးနွေးခဲ့သည်။ စစ်တပ်၏ အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုကြောင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ နေထိုင်ရာ ပြည်နယ်များတွင် နိုင်ငံရေး စုဖွဲ့မှုမှာ သမိုင်းကြောင်း ကြာရှည်စွာ အခိုင်အမာ တည်ရှိခဲ့ပြီး ၎င်းတို့၏ ရပ်ရွာ လိုအပ်ချက်များကိုလည်း ဆယ်စု နှစ်များစွာ ဖြည့်ဆည်း ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း သက်သေ အထောက်အထားများကို အခြေခံ၍ ဆွေးနွေးသူများက ထောက်ပြ ပြောကြားခဲ့သည်။

၃၉။ အနာဂတ်တွင် အားတက်စဖွယ် အလားအလာများအား ကိုယ်စားပြုသည့် ဒေသန္တရ အဆင့် စီမံအုပ်ချုပ်မှု ပုံစံ အမျိုးမျိုးကို အောက်ဖော်ပြပါ ဥပမာများက မီးမောင်းထိုး ဖော်ပြနေပါသည်။

အချို့သည် ဗဟိုချုပ်ကိုင်မှု အလွန် လျှော့ချထားပြီး ရပ်ရွာ အုပ်ချုပ်ရေးကို အလေးပေးကာ အခြား အဖွဲ့များမှာ ဗဟိုချုပ်ကိုင်မှု ပို၍ အားကောင်းပြီး အလွန် ခိုင်မာသော ထက်အောက် ဖွဲ့စည်းပုံ စနစ်ကို ဦးစားပေးသည်။ ယေဘူယျအားဖြင့် ၎င်းအဖွဲ့အစည်းများသည် ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု ကဲ့သို့ အခြေခံ ဝန်ဆောင်မှု ပေးခြင်းကို အထူး အလေးပေးကာ အချို့ အဖွဲ့က ဘာသာစကား နှစ်မျိုးနှင့် အထက် လေ့လာသင်ယူခြင်း၊ တိုင်းရင်းသား ဘာသာစကား အခြေပြု သင်ရိုး ညွှန်းတမ်းနှင့် ကျန်းမာရေး ဝန်ဆောင်မှု အားပေးမြှင့်တင်ရေး လုပ်ငန်းစဉ်များကို အလေးပေး ဆောင်ရွက်ထားပါသည်။ အချို့မှာ တရားစီရင်ရေးနှင့် ရဲတပ်ဖွဲ့ ကဲ့သို့ အင်စတီကျူးရှင်းများအား အထူးပြု ထူထောင်ကြပြီး အချို့မှာ ကုန်သွယ်ရေးနှင့် စိုက်ပျိုးရေး ကဲ့သို့ ဒေသ အခြေစိုက် စီးပွားရေး လုပ်ငန်းများကို အားပေး မြှင့်တင်ကြသည်။

၄၀။ အမျိုးသား ညီညွတ်ရေး အစိုးရသည် ၎င်းတို့ ထိန်းချုပ် နယ်မြေရှိ ဒေသအချို့တွင် အလုံးစုံ ပါဝင်မှုနှင့် ပွင့်လင်းမြင်သာမှု အခြေခံမူများကို အခိုင်အမာ အကောင်အထည် ဖော်ဆောင်သည့် အနေဖြင့် တရား ဥပဒေ စိုးမိုးရေး၊ တရားမျှတမှု၊ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍနှင့် ဆက်စပ်သော စီမံ အုပ်ချုပ်ရေး စနစ်များအား တည်ထောင်ထားကြောင်း သိရသည်။ (အန်ယူဂျီ) တရားရုံးများသည် အရပ်သား အစိုးရ ထိန်းချုပ်မှု အောက်တွင် လည်ပတ်နေကြပြီး ၂၀၂၄ ခုနှစ် အတွင်း ရာဇဝတ်မှု ၇၈၈ မှုနှင့် တရားမမှု ၃၅၀ မှုတို့ကို ကြားနာစီရင်ခဲ့သည်။ ကျန်းမာရေး ကဏ္ဍတွင် ဆေးရုံ ၁၀၆ ရုံ၊ အထိုင်ချ ဆေးခန်း ၈၀၈ ခုနှင့် ရွေ့လျား ဆေးခန်း ၁၉၂ ခုတို့ဖြင့် အရေးပေါ်နှင့် ရေရှည် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေပါသည်။ အခြေခံ ပညာရေး ကဏ္ဍတွင် စာသင်ကျောင်း ၅,၇၀၀ ကျောင်းတွင် ကျောင်းသူ/ ကျောင်းသား ၈၀၀,၀၀၀ ကျော်ကို ဆရာ/ ဆရာမ ၆၂,၀၀၀ ကျော်ဖြင့် သင်ကြားပေးနေပါသည်။ အဆင့်မြင့် ပညာရေး ကဏ္ဍတွင် ကြားကာလ တက္ကသိုလ် ကောင်စီများ ၁၉၈ ဖွဲ့မှ တက္ကသိုလ် ဒီဂရီဘွဲ့ သင်တန်းများ ပို့ချပေးနေပါသည်။ သို့သော် ကျောင်းသူ/ ကျောင်းသား၊ သုတေသီများနှင့် ဆွေးနွေးမှုများ အရ အမျိုးသား ညီညွတ်ရေး အစိုးရက ထုတ်ပေးသည့် ပညာရေး ဆိုင်ရာ အောင်လက်မှတ်များကို ယခု အချိန်ထိ နိုင်ငံတကာတွင် အသိအမှတ် မပြုသေးသဖြင့် ပညာ ဆက်လက် သင်ယူရေးနှင့် အလုပ်အကိုင် ရရှိရေးတို့တွင် အခက်အခဲ ကြုံနေရပါသည်။

၄၁။ ယခင်က အစီရင်ခံထားသည့် အတိုင်း[30] ကရင်နီ ကြားကာလ အုပ်ချုပ်ရေး ကောင်စီ (အိုင်အီးစီ) သည် စုပေါင်း ခေါင်းဆောင်မှု ပုံစံ တစ်ရပ်ကို ရေးဆွဲကာ ၎င်းတွင် အမျိုးသမီး နှစ်ဦး အပါအဝင် နိုင်ငံရေး၊ စစ်ရေးနှင့် အရပ်ဘက် ခေါင်းဆောင် ခုနှစ်ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး အုပ်ချုပ်ရေး တာဝန်များကို မျှဝေ ထမ်းဆောင်ကြသည်။ အုပ်ချုပ်စီမံရေး အတွက် ဌာန ဆယ်ခုဖြင့် ဖွဲ့စည်းပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့၊ ပြည်သူ့ ဝန်ထမ်း၊ လွှတ်တော် ကိုယ်စားလှယ်နှင့် တက်ကြွလှုပ်ရှားသူများမှ ကိုယ်စားလှယ်များဖြင့် ခေါင်းဆောင် သုံးဦးမှ လေးဦးတို့က ၎င်းဌာန တစ်ခုစီကို ဦးဆောင်သည်။ အုပ်ချုပ်စီမံမှုအား မြို့နယ် ၁၆ ခု အထိ ပြန်လည် ဖွဲ့စည်းပြီး တိုးချဲ့ခြင်း အားဖြင့် မြို့နယ်နှင့် ကျေးရွာရှိ ဆေးခန်း ၁၀၀ ကျော်မှ တစ်ဆင့် ကျန်းမာရေး ဝန်ဆောင်မှု ပေးနိုင်ခဲ့ကြောင်း (အိုင်အီးစီ)က ထုတ်ပြန်ထားသည်။ (အိုင်အီးစီ)သည် အရပ်သား ဦးဆောင်သော တရားမျှတမှု ဖော်ဆောင်နိုင်ရေး အတွက် တရားရုံး ကိုးရုံးနှင့် ဒေသ အခြေပြု တရားစီရင်ရေး စနစ်များ ထူထောင်ထားပြီး ရဲတပ်ဖွဲ့ကိုလည်း ပြောင်းလဲဖွဲ့စည်းထားကာ ရဲလုပ်ငန်းအား ဒီမိုကရေစီ အခြေခံမူများဖြင့် ဖွဲ့စည်းထားသော ရဲစခန်း တစ်ဒါဇင်ကျော်ဖြင့် တာဝန် ထမ်းဆောင်နေပါသည်။

၄၂။ တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်တော်၏ နိုင်ငံရေး အဖွဲ့ ဖြစ်သည့် ပလောင် ပြည်နယ် လွတ်မြောက်ရေး တပ်ဦးသည် မကြာသေးမီက သိမ်းပိုက်ရရှိထားသည့် ရှမ်းနှင့် မန္တလေးရှိ

---

[30] A/HRC/56/23

နယ်မြေများတွင် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး ဆိုင်ရာ အဖွဲ့များ ထူထောင်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။ ၎င်းတို့သည် ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဝင်ငွေခွန် ကြီးကြပ်ရေး၊ တရားစီရင်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အပါအဝင် ဌာန ၁၃ ခုဖြင့် ဗဟိုချုပ်ကိုင်သော အုပ်ချုပ်ရေး စနစ် တစ်ရပ်ကို ထူထောင်ခဲ့ပါသည်။ အမျိုးသမီးနှင့် လူငယ်များသည် စီမံအုပ်ချုပ်ရေး ကဏ္ဍတွင် သိသာထင်ရှားစွာ ပိုမို ပါဝင်လာကာ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍ၏ ဝန်ထမ်း ၈၀ ရာခိုင်နှုန်းသည် လူငယ်များ ဖြစ်ပြီး ၄၀ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ကြသည်။ အခြေခံ ရဲသင်တန်း ပေးသည့် အစီအစဉ်တွင် သင်တန်း တက်ရောက်သူ တစ်ဝက် နီးပါးမှာ အမျိုးသမီးများ ဖြစ်ရာ လုံခြုံရေး ကဏ္ဍတွင် ကျားမတန်းတူ အခွင့်အရေး အားကောင်းလာမှုကို ပြသနေသည်။ ၎င်းတို့သည် ရာဇဝတ်မှု၊ မူယစ်ဆေးဝါးမှုနှင့် တရားမမှုများကို ကိုင်တွယ်သည့် ခရိုင် တရားရုံး လေးရုံးနှင့် မြို့နယ် တရားရုံး တစ်ဆယ့်နှစ်ရုံးဖြင့် တရားစီရင်ရေး မဏ္ဍိုင်အား ဖွဲ့စည်းထားသည်။ ပလောင်ပြည်နယ် လွတ်မြောက်ရေး တပ်ဦးသည် မြန်မာ စစ်တပ် အာဏာသိမ်းပြီး ကတည်းက ပညာရေး အခွင့်အလမ်းကို တိုးချဲ့သည့် အနေဖြင့် ၂၀၂၂ ခုနှစ်တွင် စာသင်ကျောင်းပေါင်း ၃၇၄ ကျောင်းမှ ၂၀၂၄ ခုနှစ်တွင် စာသင်ကျောင်းပေါင်း ၆၅၀ ကျော် အထိ တိုးချဲ့ခဲ့ကာ စာသင်ကျောင်း ၇၀၀ အထိ တိုးချဲ့ ဖွင့်ရန် စီစဉ်ထားသည်။ သို့သော် ၎င်းတို့ ဒေသရှိ ကျောင်းများတွင် ပလောင် ဘာသာစကားဖြင့်သာ သင်ကြားစေသည့် အတွက်ကြောင့် စိုးရိမ်မှုများ ရှိကြောင်း လူအများက ပြောကြားခဲ့သည်။

၄၃။ ချင်းပြည် ကောင်စီသည် အမျိုးသမီး၊ လူငယ်နှင့် လူမျိုးစု တိုင်းရင်းသားများ ပါဝင်သည့် ဒေသခံများ ဆုံးဖြတ်ချက် ချပိုင်ခွင့် ရှိသော ကျေးရွာ ၉၀၀ ကျော်တွင် ဒေသန္တရ အုပ်ချုပ်ရေး ၁၈ ဖွဲ့ဖြင့် ဗဟိုချုပ်ကိုင်မှု အလွန် ဖြေလျှော့ထားသည့် ဒေသန္တရ အုပ်ချုပ်ရေး စနစ်ကို ချင်းပြည်နယ်တွင် ထူထောင်ထားသည်။ ၎င်းအုပ်ချုပ်ရေး စနစ်ဖြင့် ပညာရေး၊ ကျန်းမာရေး၊ တရားစီရင်ရေး၊ တရား ဥပဒေ စိုးမိုးရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍများကို ကိုင်တွယ်ဆောင်ရွက်လျက် ရှိပြီး အခွန် ကောက်ခံမှု၊ အရပ်ဘက် လူမှု အဖွဲ့အစည်းနှင့် တရားစီရင်ရေး ဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေနှင့် အညီ ဆောင်ရွက်နေကြောင်း သိရသည်။ ၎င်းတို့၏ ပညာရေး မဟာဗျူဟာ စီမံကိန်း အရ စာသင်ကျောင်းပေါင်း ၆၀၀ ကျော်ရှိ ကျောင်းသူ/သား ၆၀,၀၀၀ ကျော်ကို ဆရာ/ ဆရာမ ၄,၀၀၀ ကျော်ဖြင့် ခန့်အပ် ပညာသင်ကြားပေးနေပြီး ၂၀၂၅ ခုနှစ်တွင် ချင်း အမျိုးသား တက္ကသိုလ်ကို စတင် ဖွင့်လှစ်နိုင်ရန် စီစဉ်ထားပါသည်။ ချင်းပြည် ကောင်စီသည် ကျန်းမာရေး စောင့်ရှောက်မှု ကဏ္ဍတွင် ဆေးရုံ ၁၈ ရုံ၊ အမိက ကျန်းမာရေး စောင့်ရှောက်ရာ နေရာ ၅၀ နှင့် ရွေ့လျား ကျန်းမာရေး စောင့်ရှောက်မှု ပေးသည့် အဖွဲ့ ၁၂ ဖွဲ့ဖြင့် လူတိုင်း ကျန်းမာရေး ဝန်ဆောင်မှု ရရှိရေးကို မျှော်မှန်း ဆောင်ရွက်နေပါသည်။

၄၄။ မွန်ပြည်သစ် ပါတီသည် မွန်ပြည်နယ် အတွင်း ခရိုင် သုံးခုနှင့် မြို့နယ် ဆယ့်တစ်ခုအား လွှမ်းခြုံကာ ဒေသန္တရ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် စစ်ဘက် ဆိုင်ရာ ပင်မ ဌာနကြီး သုံးခု အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ကာ အထူး ဒေသများကို တိုက်ရိုက် အုပ်ချုပ်သည်။ ၎င်း၏ တရားစီရင်ရေး အစုအဖွဲ့များသည် ရပ်ရွာ အခြေပြု စနစ်များဖြင့် ဒေသတွင်း အငြင်းပွားမှုများအား ဖြေရှင်းခြင်းမှ အစပြုကာ တရားမမှုနှင့် ရာဇဝတ်မှုများကို ကိုင်တွယ်နိုင်သည့် အဆင့်သို့ တက်လှမ်းခဲ့သည်။ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် တရားရေး ကဏ္ဍ စီမံအုပ်ချုပ်မှုတို့တွင် သိသာ ထင်ရှားသော တိုးတက်မှုများ ရှိခဲ့ကြောင်း ဖော်ပြကြပြီး မွန် အမျိုးသားကျောင်း ၁၄၃ ကျောင်းမှ ကျောင်းသား/သူ ၁၄,၀၀၀ ကျော်နှင့် ဆရာ/မ ၉၀၀ ကျော်ကို ခန့်အပ်ကာ မွန်၊ မြန်မာနှင့် အင်္ဂလိပ် ဘာသာစကားတို့ဖြင့် ဘာသာစုံ သင်ကြားနိုင်ရန် ကြိုးပမ်းလျက် ရှိသည်။ အသိအမှတ်ပြု မခံရသော စာသင်ကျောင်းနှင့် တက္ကသိုလ်များမှ အောင်လက်မှတ်များ၏ တရားဝင် အသိအမှတ်ပြုခံရမှုနှင့် ဆက်စပ်၍ ကျောင်းသား/သူများနှင့် ကျောင်းပြီးသူ/ဘွဲ့ရသူများမှ အခက်အခဲ ကြုံတွေ့ရကြောင်း

ဆွေးနွေးသူများက ထောက်ပြခဲ့ကြသည်။ ကျေးရွာ ၁၅၇ ရွာမှ လူပေါင်း ၁၁၈,၀၀၀ ကျော်အား ကျန်းမာရေး စောင့်ရှောက်မှု ပေးနေကြောင်း ကြားသိရပြီး ဆရာဝန်၊ သူနာပြုနှင့် ကွင်းဆင်းကြီးကြပ်သူများက အခြေခံ ကျန်းမာရေး ဝန်ဆောင်မှု ပေးခြင်း၊ ကာကွယ်ဆေး ထိုးခြင်းနှင့် မိခင်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။

၄၅။ စီးပွားရေး မတည်ငြိမ်ခြင်း၊ အခြေခံ အဆောက်အအုံများ တိုးတက်ပြင်ဆင်ရန် ရင်းနှီးမြုပ်နှံမှု မရှိခြင်းနှင့် အခွန်အခ ကောက်ခံနိုင်မှု အားနည်းခြင်းတို့သည် ပြည်သူ့ ဝန်ဆောင်မှုများ ရေရှည်ပေးစွမ်းနိုင်ရေးနှင့် လူမှုစီးပွား တိုးတက်ရေး အတွက် ထပ်လောင်း အတားအဆီးများ ဖြစ်စေသော အကြောင်းရင်းများ ဖြစ်ကြောင်း ပါဝင်ဆွေးနွေးသူများက ပြောကြားခဲ့သည်။ ဖြစ်စဉ်များ အရ ၎င်းအဖွဲ့အစည်းများသည် အခမ္ဘ တပ်သား စုဆောင်းခြင်းနှင့် ငွေညှစ်အကျပ်ကိုင်ခြင်း အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်နေသည့် သို့မဟုတ် တခါတရံတွင် တရားမဝင် စီးပွားရေး လုပ်ငန်းနှင့် သယံဇာတ ထုတ်ယူသည့် လုပ်ငန်းများ ပတ်သက်ဆောင်ရွက်နေသည့် အစိုးရ မဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်နွယ်ခြင်း သို့မဟုတ် ၎င်းတို့ အပေါ် အမှီသဟဲ ပြုခြင်းများ ရှိနေတတ်သည်။ ထို့ကြောင့် ၎င်းတို့ တည်ထောင်ရာ နယ်မြေများကို ထိန်းချုပ်သည့် လက်နက်ကိုင် အဖွဲ့များနှင့် ဆက်နွယ်နေသည့် အဆိုပါ အဖွဲ့အစည်းများတွင် အရပ်သားများ ဦးဆောင်စီမံရန် အရေးကြီးသလို လူ့အခွင့်အရေး တာဝန်ဝတ္တရားများကိုလည်း ၎င်းတို့အနေဖြင့် တာဝန်ခံမှုဖြင့် စောင့်ထိန်း လိုက်နာကြရန် အရေးကြီးလှပါသည်။

## ၃။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး

၄၆။ မြန်မာ စစ်တပ်က ဆယ်စုနှစ်များစွာ စီးပွားရေး ကဏ္ဍနှင့် သဘာဝ သယံဇာ ရင်းမြစ်များအား လွှမ်းမိုးချုပ်ကိုင်ကာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကြောင့် နိုင်ငံ၏ ဥစ္စာကြွယ်ဝမှုများသည် မြန်မာ စစ်တပ်နှင့် ၎င်းတို့အား ထောက်ပံ့သော လက်တစ်ဆုပ်စာ လူနည်းစု လက်အတွင်း၌သာ ရှိနေသည်။ ထိုသို့ မြန်မာ စစ်တပ်၏ လက်ဝါးကြီးအုပ်မှုကို အင်စတီကျူးရှင်း အဆင့် ထိန်းချုပ်မှုများ၊ မြေယာနှင့် သဘာဝ သယံဇာတ ရင်းမြစ်များကို သိမ်းယူခြင်းနှင့် ဆက်နွယ်သော စီးပွားရေး ကွန်ယက်များအား မျက်နှာသာ ပေးသည့် အကျင့်ပျက် ခြစားမှုနှင့် ခရိုနီဝါဒ အမြစ်တွယ်စေခြင်းမှ တစ်ဆင့် အားကောင်းစေသည်။ နှစ်ပေါင်းများစွာ အမြစ်တွယ်နေသည့် လူမှုရေး၊ ဥပဒေရေးရာနှင့် စီးပွားရေး ဆိုင်ရာ ခွဲခြားဆက်ဆံမှုများသည် ဘာသာရေးနှင့် လူမျိုးရေး လူနည်းစု အသိုက်အဝန်းများ အပေါ် ပစ်မှတ်ထားကာ ၎င်းတို့၏ စီးပွားရေး အခွင့်အလမ်းများအား ကန့်သတ်ခဲ့သည်။ မြန်မာ စစ်တပ်သည် စစ်အာဏာ သိမ်းပြီးနောက်ပိုင်းတွင် နိုင်ငံ၏ အခြေခံ အဆောက်အအုံနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုထက် စစ်ဆင်ရေးများအား ထောက်ပံ့နိုင်ရန် သယံဇာတ ရင်းမြစ်များ ထုတ်ယူခြင်း၊ ထုတ်လုပ်ခြင်းနှင့် ခွဲဝေသုံးစွဲခြင်း ကဲ့သို့ စစ်ပွဲ အခြေပြု စီးပွားရေးကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။

၄၇။ ဒီမိုကရေစီ ပန်းတိုင်သို့ သွားသည့် လမ်းကြောင်းများသည် အမဲလိုက်သကဲ့သို့ ပြည်သူအား ပစ်မှတ်ထားသည့် စီးပွားရေး ပုံစံမှ စွန့်ခွာ၍ တန်းတူညီမျှမှု၊ လူမှုရေး ဆိုင်ရာ တရားမျှတမှုနှင့် ရေရှည် ဖွံ့ဖြိုးရေးကို ဦးစားပေးသည့် လူ့အခွင့်အရေး ဆိုင်ရာ ဝတ္တရားများနှင့် အညီ ချမှတ်သည့် မူဝါဒများကို အခြေခံ၍ လူထု အခြေပြု စီးပွားရေး ပုံစံသို့ ပြတ်ပြတ်သားသား ပြောင်းလဲရန် လိုအပ်မည် ဖြစ်ကြောင်း ပါဝင်ဆွေးနွေးသူများက အလေးပေး ပြောကြားခဲ့သည်။ ထိုသို့ ဖြစ်နိုင်ရန် အခြေခံ အဆောက်အအုံ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှု ကာကွယ်ရေး ကဏ္ဍတို့တွင် ရင်းနှီးမြုပ်နှံမှုများ လိုအပ်မည် ဖြစ်ပြီး မြေယာနှင့် သဘာဝ သယံဇာတ အရင်းအမြစ်များအား စီမံခန့်ခွဲရေး အတွက် ရေရှည်တည်တံ့ပြီး အားလုံးစုံ ပါဝင်ဆောင်ရွက်နိုင်မည့် မူဝါဒများ ရေးဆွဲရန် လိုအပ်ပါသည်။

၄၈။ မြန်မာ စစ်တပ်၏ စီးပွားရေး အရ လက်ဝါးကြီးအုပ် လွှမ်းမိုးမှုအား အဆုံးသတ်စေရန် ဦးစားပေး ဆောင်ရွက်သင့်သည်။ စစ်အသုံးစရိတ်ကြောင့် ဖြစ်လာသော ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုးကို လျှော့ချခြင်း၊ လွှတ်တော်၏ စောင့်ကြည့်ထိန်းညှိခြင်း၊ စစ်တပ် ထိန်းချုပ်ထားသော စီးပွားရေး လုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများအား ဖျက်သိမ်းခြင်းနှင့် အတင်းအကျပ် စစ်သား စုဆောင်းမှုနှင့် အဓမ္မ စေခိုင်းမှု ပုံစံ အားလုံးကို အဆုံးသတ်ခြင်းနှင့် စီးပွားရေး လုပ်ငန်းတွင် စစ်တပ်က ပါဝင် လုပ်ကိုင်ခြင်းကို တားမြစ်သည့် ဥပဒေများ ပြဋ္ဌာန်းခြင်းတို့သည် လက်ရှိ ကျင့်သုံးနေသည့် စစ်ပွဲ အခြေပြု စီးပွားရေး ပုံစံမှ ငြိမ်းချမ်းပြီး ရေရှည်တည်တံ့သော စီးပွားရေး ဖွံ့ဖြိုးမှုဆီသို့ ပြန်လည် ပုံပြောင်းရန် လိုအပ်သော အစီအမံ အချို့ ဖြစ်ပါသည်။ တပ်ပိုင် စီးပွားရေး လုပ်ငန်းများကို နိုင်ငံတော်ပိုင် အဖြစ် သိမ်းရန် မရှိမဖြစ် လိုအပ်ပြီး စစ်တပ်နှင့် ဆက်နွယ်သော ပိုင်ဆိုင်မှုများကို ပဋိပက္ခ အလွန် နိုင်ငံတော် ပြန်လည် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရန်ပုံငွေ အဖြစ် အသုံးပြုနိုင်ကြောင်း ကျွမ်းကျင်သူများက ထောက်ပြကြသည်။ သီးခြားလွတ်လပ်သော အကျင့်ပျက် ခြစားမှု တိုက်ဖျက်ရေးနှင့် ပြည်သူ့ ဘဏ္ဍာ ပွင့်လင်းမြင်သာရေး အဖွဲ့များအား ထူထောင်ခြင်းသည် ဆယ်စုနှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သော လုပ်ထုံးလုပ်နည်း အလွဲအမှားများကို အဆုံးသတ်ရန် ပံ့ပိုးပေးပါလိမ့်မည်။

၄၉။ ဖော်ပြပါ စီးပွားရေး အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်တွင် အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပြုပြင်ပြောင်းလဲရန် လိုအပ်ပါမည်။ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး ကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် အများပြည်သူ၏ ယုံကြည်မှု ပြန်လည် ရရှိရန်နှင့် ဘဏ္ဍာရေး တည်ငြိမ်မှု ရှိစေရန် ရည်ရွယ်၍ လက်ရှိ စနစ်အား ပြန်လည်ဖွဲ့စည်းရန်နှင့် ရန်ပုံငွေဖြင့် ထည့်သွင်းပံ့ပိုးပေးရန် လိုအပ်မည် ဖြစ်သည်။ ယင်းကဲ့သို့သော အစီအမံများတွင် ဘဏ်အကောင့် ရှိသူများ မိမိ ဘဏ်စာရင်းကို အပြည့်အဝ ပြန်လည် အသုံးပြုနိုင်စေခြင်း၊ နိုင်ငံခြား ငွေလဲလှယ်နှုန်းအား တရားသေ မသတ်မှတ်ဘဲ ပေါက်ဈေး အတိုင်း နိုင်ငံခြားငွေ လဲလှယ်ခွင့်ပြုခြင်းနှင့် သွင်းကုန် ကန့်သတ်ချက်များကို ဖယ်ရှားခြင်းတို့ ပါဝင်သည်။ ရသုံးမှန်းခြေ ဆိုင်ရာ ဆုံးဖြတ်ချက် ချခြင်းသည် နိုင်ငံတော် ကြွေးမြီ ပြန်ဆပ်နိုင်ရေး အာမခံသည့် ငွေကြေးဆိုင်ရာ စည်းမျဉ်းများ အပေါ် အခြေခံ၍ အရပ်သား အစိုးရနှင့် လွှတ်တော်၏ ကြီးကြပ်မှုအောက်တွင် ရှိသင့်သည်။ စားသောက်ကုန်နှင့် စက်သုံးဆီ အပါအဝင် ချို့တဲ့သူများ အပေါ် ဝန်ပိစေသည့် အခွန်အခ ကောက်ခံခြင်းမျိုးကို ရှောင်ကြဉ်ရင်း ဘက်ပေါင်းစုံ ခြုံငုံသည့် အခွန် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် တစ်ရပ်အား လူတစ်စု အတွက်သာ မဟုတ်ဘဲ အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ အပေါ် ကျယ်ကျယ်ပြန့်ပြန့်၊ ရိုးရိုးရှင်းရှင်းနှင့် ပွင့်လင်းမြင်သာမှု ရှိစွာ ဆောင်ရွက်သင့်ပါသည်။ အနာဂတ်၌ စောင့်ကြည့် ထောက်လှမ်းမှုအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မှု မရှိတော့သည့် အခြေအနေတွင် တရားဝင် ဘဏ်လုပ်ငန်း စနစ်အား လက်လှမ်းမီမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု အားကောင်းစေရေး အတွက် ဒစ်ဂျစ်တယ် ဘဏ္ဍာရေး ဝန်ဆောင်မှု လုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်သင့်ပါသည်။

၅၀။ လက်ရှိတွင် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ ထိန်းချုပ်သည့် ဒေသတွင် မျှတပြီး ပွင့်လင်းမြင်သာမှု ရှိသည့် စီးပွားရေး နည်းဥပဒေများမှာ တန်းတူရည်တူ အရေးကြီးလှပြီး အခွန် ကောက်ခံမှုနှင့် သဘာဝ သယံဇာတ အရင်းအမြစ်များအား စီမံခန့်ခွဲမှုကို အဆင့်တိုင်းတွင် ပြုပြင် ပြောင်းလဲရန် အရေးကြီးကြောင်း ပါဝင်ဆွေးနွေးသူများက ထောက်ပြကြသည်။ လူ့အခွင့်အရေး စောင့်ထိန်းလိုက်နာရန် တာဝန်ရှိသည့် အာဏာပိုင် အဖွဲ့အစည်းသစ်များသည် အခွန် ကောက်ခံရေး မူဝါဒ ရေးဆွဲ ဖော်ဆောင်ရာတွင် တသတ်မတ်တည်း အခွန်ကောက်ခံခြင်း မရှိသောကြောင့် အားအနည်းဆုံး လူအုပ်စုများ အပေါ် အခကြေးငွေများ မတရား စည်းကြပ်ခြင်းနှင့် ခွဲခြားဆက်ဆံ၍ ဆောင်ရွက်နေကြောင်း ပါဝင်ဆွေးနွေးသူများက အလေးပေး ပြောကြားခဲ့သည်။ အစိုးရ

မဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားမဝင် သယံဇာတ ထုတ်ယူသည့် စီးပွားရေး လုပ်ငန်းများ အကြား ဆက်စပ်မှုကို အဆုံးသတ်ရန် လိုအပ်ပါလိမ့်မည်။

၅၁။ လက်ရှိ စီးပွားရေး အကျပ်အတည်းမှ ပြန်လည် နလန်ထူမည့် အချိန်တွင် နိုင်ငံတကာမှ ပုဂ္ဂလိပက ရင်းနှီးမြုပ်နှံသူများနှင့် စီးပွားရေး လုပ်ငန်းရှင်များသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါလိမ့်မည်။ အခြေအနေ ပေးလာသည့်အခါ စီးပွားရေး တိုးတက်လာချိန်၌ ရင်းနှီးမြုပ်နှံမှု၊ အလုပ်အကိုင် ဖန်တီးမှုနှင့် အလုပ်သမား အခွင့်အရေးကို လေးစားလိုက်နာခြင်းသည် ဒီမိုကရေစီ စနစ်အား အထောက်အကူ ပြုပါလိမ့်မည်။ စီးပွားရေးနှင့် လူ့အခွင့်အရေး ကဏ္ဍဆိုင်ရာ လမ်းညွှန် အခြေခံမှုများအား[31] လေးစားလိုက်နာသည့် ဝန်းကျင်တစ်ရပ်ကို ဖန်တီးခြင်းအားဖြင့် မြန်မာ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲရေး အတွက် ပံ့ပိုးပေးနိုင်ပါသည်။ ရေတို ကာလအတွင်း နိုင်ငံတကာ စီးပွားရေး လုပ်ငန်းရှင်များနှင့် ရင်းနှီးမြုပ်နှံသူများသည် မြန်မာ နိုင်ငံနှင့် ဆက်စပ်သည့် မည်သည့် ငွေကြေး လွှဲပြောင်းမှု လုပ်ရပ်ကိုမဆို မဖြစ်မနေ ဂရုတစိုက် စစ်ဆေးရပါမည်။ လွတ်လပ်စွာ သမဂ္ဂ ဖွဲ့စည်းခွင့် မရှိခြင်းကြောင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံတွင် ကျန်ရှိနေသည့် နိုင်ငံခြား စီးပွားရေး လုပ်ငန်းများသည် အလုပ်သမားများ အပေါ် ခေါင်းပုံဖြတ်မှုများ မရည်ရွယ်ဘဲ ဖြစ်စေနိုင်ကြောင်း သမဂ္ဂ အဖွဲ့ဝင်များက စိုးရိမ်စွာ ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အလုပ်သမား အခွင့်အရေးအား လေးစား ကာကွယ်ပေးပြီး ဂုဏ်သိက္ခာ ရှိသော လူနေမှု အဆင့်အတန်းနှင့် နေထိုင်နိုင်မည့် အနိမ့်ဆုံး လုပ်ခလစာ သတ်မှတ်ခြင်း၊ အမျိုးသမီးနှင့် လူနည်းစု အသိုက်အဝန်းများမှ လုပ်သားများအား အကာအကွယ်ပေးသည့် ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး မူဝါဒများ ချမှတ်ခြင်း အပါအဝင် သမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့် ပြုမှသာလျှင် နိုင်ငံခြား ရင်းနှီးမြုပ်နှံမှုများကို ဆက်လက် လုပ်ကိုင်ခွင့် ပေးသင့်သည်ဟု ကျွမ်းကျင်သူများက ဆိုပါသည်။

၅၂။ သယံဇာတ အရင်းအမြစ်များအား ရေရှည် စီမံခန့်ခွဲခြင်း အပါအဝင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ စီမံအုပ်ချုပ်မှု မြှင့်တင်ရန် အရေးကြီးကြောင်း ပါဝင်ဆွေးနွေးသူများကလည်း အလေးပေး ပြောဆိုခဲ့သည်။ သဘာဝ ဘေးအန္တရာယ်၏ သက်ရောက်မှုများအား လျှော့ချ ကာကွယ်နိုင်ရန် ပြည့်ဖြိုးမြဲ စွမ်းအင်၊ ရာသီဥတု ပြောင်းလဲဒဏ် ခံနိုင်သော စိုက်ပျိုးရေးနှင့် သဘာဝ ဘေးဒဏ် ခံနိုင်သော အခြေခံ အဆောက်အအုံများကို အားပေးမြှင့်တင်ရေး မူဝါဒများနှင့် အစီအမံများအား ကျင့်သုံးခြင်းသည်လည်း အနာဂတ် မျိုးဆက်သစ် အတွက် ရေရှည် တည်တံ့သော ရလဒ်ကောင်းများ ဖန်တီးပေးနိုင်ပါလိမ့်မည်။

## ၄။ ပြည်တွင်းပြည်ပ ဆောင်ရွက်ချက်များ

၅၃။ OHCHR နှင့် ဆွေးနွေးသည့် အကြိမ်များတွင် ပါဝင်ဆွေးနွေးသူများက တာဝန်ရှိ ပုဂ္ဂိုလ် တစ်ဦးစီ အပေါ် ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်း အခမ်းအနားတွင် စစ်တပ်ကိုယ်စားပြုမှုအား အသိအမှတ် မပြုခြင်း၊ အပြည်ပြည်ဆိုင်ရာ တာဝန်ခံမှု ယန္တရားများသို့ လွှဲပြောင်းရန် တောင်းဆိုခြင်းနှင့် လူသားချင်း စာနာမှု အကူအညီ ပေးခြင်း အပါအဝင် နိုင်ငံတကာ အသိုက်အဝန်း၏ ဆောင်ရွက်ချက်များ အပေါ် အသိအမှတ်ပြုကြောင်း တသတ်မတ်တည်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ သို့သော် မြန်မာ ပြည်သူ၏ မျှော်မှန်းချက်မှာ ပို၍ မြင့်မားပါသည်။ မြန်မာ ပြည်သူများ လိုလားတောင့်တသည့် ဒီမိုကရေစီ မျှော်မှန်းချက် ပန်းတိုင်သို့ လျှောက်လှမ်းရာတွင် လက်ရှိ ရရှိနေသော အထောက်အပံ့များသည် မြန်မာ စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် စွန့်လွှတ် အနစ်နာခံမှုများနှင့် နှိုင်းယှဉ်ပါက လုံလောက်မှု မရှိဟု လူအများက ခံစားကြသည်။ စစ်တပ် အပေါ် အရေးယူမှု မရှိခြင်း သို့မဟုတ် စစ်တပ် အကြိုက်

31 https://www.ohchr.org/en/publications/reference-publications/guiding-principles-business-and-human-rights

ဆောင်ရွက်နေခြင်းဟု မြန်မာ ပြည်သူများက ထင်မြင်ယူဆမှုများနှင့် လက်တွေ့ အရေးယူမှုများ မရှိသည့် ထုတ်ပြန်ချက်များကြောင့် ကုလသမဂ္ဂနှင့် အာဆီယံ အပေါ် ပြည်သူတို့၏ ယုံကြည်မှုသည် လက်ရှိ အချိန်တွင် နိမ့်ကျနေသော်လည်း မြန်မာနိုင်ငံ၏ အနာဂတ် မျှော်မှန်းချက် ပန်းတိုင်များ အထမြောက်စေရန် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုသည် အရေးပါနေဆဲ ဖြစ်ကြောင်း ပြည်သူများက ယုံကြည်နေဆဲ ဖြစ်သည်။

၅၄။ အရေးတကြီး ဦးစားပေး ဆောင်ရွက်ရမည့် အရာမှာ မြန်မာ စစ်တပ်၏ လေတပ် အင်အား အပေါ် မှီခိုအားထား၍ ရက်စက်နေမှုနှင့် အရပ်သား ကာကွယ်စောင့်ရှောက်မှု မြှင့်တင်ရန် အလို့ငှာ လေယာဉ် လောင်စာဆီ၊ ဒရုန်းနှင့် စစ်ဘက် အရပ်ဘက် ရည်ရွယ်ချက် နှစ်မျိုးသုံး စက်ကိရိယာများ အပါအဝင် လက်နက်တင်ပို့ ရောင်းချမှုအား တစ်ကမ္ဘာလုံး အရေးယူ ပိတ်ဆို့ရန် ဖြစ်သည်။ မြန်မာ စစ်တပ်သည် ဒရုန်းနှင့် ပါရာမော်တာများ အသုံးပြုခြင်း အပါအဝင် ဝေဟင် အခြေပြု လက်နက်များ အပေါ် အမှီသဟဲပြုမှုများ နှစ်အလိုက် မြင့်မားလာခြင်းကြောင့် ၂၀၂၄ ခုနှစ် အတွင်း အရပ်သား သေဆုံးမှုသည် ၂၀၂၃ ခုနှစ် အတွင်း သေဆုံးမှုနှင့် နှိုင်းယှဉ်ပါက[32] နှစ်ဆနီးပါး မြင့်တက်လာရာ ဖော်ပြပါ ဝေဟင်သုံး စက်ကိရိယာများ ရောင်းဝယ် တင်ပို့မှုအား ထိန်းချုပ်သည့် နောက်ဆုံးရ စာရင်းကို အစဉ် လေ့လာမွမ်းမံရန် လိုအပ်ကြောင်း အလေးပေး ဖော်ပြခဲ့ပါသည်။ နိုင်ငံတကာ ငွေပေးချေမှုများ အတွက် နိုင်ငံခြားငွေလွှဲခြင်းနှင့် ငွေလွှဲလက်ခံခြင်း လုပ်နိုင်စွမ်း ရှိသော ဘဏ္ဍာရေး အဖွဲ့အစည်းများအား ကန့်သတ်သည့် အနေဖြင့် မြန်မာ စစ်တပ် ထိန်းချုပ်ရာ ဗဟိုဘဏ် အပေါ် ပိတ်ဆို့အရေးယူသင့်ပါသည်။ အခြား တစ်ဖက်တွင်မူ ဒီမိုကရေစီ လိုလားသူများ ဖန်တီးထားသော သေးငယ်သည့် ဘဏ္ဍာရေး အဖွဲ့အစည်းများကို နိုင်ငံတကာ ပိတ်ဆို့ အရေးယူမှုများမှ ကင်းလွတ်ခွင့် ပေးသင့်ပြီး ၎င်းဘဏ္ဍာရေး အဖွဲ့များ၏ အဖွဲ့အစည်း ဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုနှင့် ဘဏ္ဍာရေး စည်းမျဉ်းများ အားကောင်းရေး အတွက် အကူအညီ ပေးသင့်ပါသည်။[33]

၅၅။ အမျိုးသား ညီညွတ်ရေး အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အခြား ဒီမိုကရေစီ အင်အားစုများသည်လည်း နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှု၊ ပူးပေါင်း ဆောင်ရွက်မှု အားကောင်းရန် လိုအပ်ပါသည်။ မြန်မာ နိုင်ငံရှိ စိန်ခေါ်မှု အခက်အခဲများနှင့် မတူကွဲပြားသော အကျိုးစီးပွားများက နိုင်ငံ၏ အခြေအနေကို ဆက်လက် သရုပ်ဖော်နေဦးမည် ဖြစ်ပြီး မြန်မာ့ အခြေအနေကို စဉ်းစားရာ၌ အစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့ ဟူ၍ နှစ်ဖက် တွေးခေါ်မှုထက် ကျော်လွန်စဉ်းစားရမည်ဖြစ်သလို ပြောင်းလွယ်ပြင်လွယ်ရှိသော၊ တီထွင်ဆန်းသစ်မှုနှင့် လိုက်လျော ညီထွေမှု ရှိသော ချဉ်းကပ်နည်းများအား အသုံးပြုရန် လိုအပ်ပါသည်။ ဤအစီရင်ခံစာတွင် မီးမောင်း ထိုးပြသည့် အတိုင်း မြန်မာ စစ်တပ်၏ ထိန်းချုပ်မှု ပြင်ပရှိ ဒေသများတွင် ပေါ်ထွန်းလာသည့် အခြား လက်နက်ကိုင် အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုကို အားပေး၊ ကူညီသင့်ပါသည်။ မြန်မာနိုင်ငံအား စဉ်ဆက်မပြတ် ပုံဖော်ပေးနေသည့် အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ဒီမိုကရေစီ နည်းကျသော တောင်းဆိုသံများ ဆက်လက် တည်တံ့စေရန် ပြည်သူများအား ထောက်ပံ့ကူညီပေးနေသည့် အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ် ပြုပြီး ဆက်လက် ပံ့ပိုးသင့်ပါသည်။ မြန်မာ့ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ရန်ပုံငွေ တောင်းခံရန် သို့မဟုတ် သမားရိုးကျ ရန်ပုံငွေ လွှဲပြောင်းလက်ခံရန် လိုအပ်သည်ဟု သတ်မှတ်ထားသော အဖွဲ့အစည်း မှတ်ပုံတင် လိုအပ်ချက်ကို နိုင်ငံတကာ အလှူရှင် အဖွဲ့မှ ပယ်ဖျက်ခြင်း ကဲ့သို့ ခိုင်မာ အားကောင်းသော လုပ်ဆောင်ချက်များသည် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်သော အကျိုးဖြစ်ထွန်းမှုများ ရှိစေနိုင်ပါသည်။ အလှူရှင် အဖွဲ့အစည်းထံ အစီရင်ခံစာ ရေးသားပေးပို့သည့်

[32] https://bangkok.ohchr.org/sites/default/files/documents/2025-02/AnnualUpdateontheHumanRightsSituationinMyanmar2024v.final_.pdf.

[33] https://specialadvisorycouncil.org/wp-content/uploads/2025/02/SAC-M-The-Military-Money-Myanmar-ENGLISH.pdf.

စည်းမျဉ်းစည်းကမ်းများအား ဖြေလျှော့ရင်း အဓိက ကျပြီး ရေရှည်အတွက် ရည်စူးသော ရန်ပုံငွေ ထောက်ပံ့ခြင်းမျိုးသည် မြန်မာ့ လူမှု အဖွဲ့အစည်းများ အတွက် သိသာထင်ရှားသော အကျိုး သက်ရောက်မှုများ ဖြစ်ထွန်းစေနိုင်ပါသည်။

၅၆။ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ရိုဟင်ဂျာ ဒုက္ခသည် တစ်သန်းကျော် ခိုလှုံနေရသည့် အပြင် ထောင်နှင့်ချီသော မြန်မာပြည်သူများသည် အကြမ်းဖက်မှု၊ ညှင်းပန်းနှိပ်စက်မှုနှင့် အဓမ္မ စစ်သား စုဆောင်းခံရနိုင်သည့် အန္တရာယ်များကြောင့် ဒေသတွင်း နိုင်ငံများသို့ ခိုလှုံတိမ်းရှောင်နေရသည်။ သို့ပါသော်လည်း နိုင်ငံ ဘေးကင်းလုံခြုံသည်နှင့် မြန်မာနိုင်ငံအတွင်း တရားမျှတပြီး ဒီမိုကရေစီ နည်းကျသော လူ့အဖွဲ့အစည်း တစ်ရပ် ထူထောင်နိုင်ရန် နေရပ် ပြန်လိုသည့် ရည်ရွယ်ချက် ရှိကြောင်း အမည်မဖော်လိုသော ပါဝင်ဆွေးနွေးသူများက တညီတညွတ်တည်း ပြောဆိုခဲ့ကြသည်။ လက်ရှိ အချိန်တွင် မြန်မာပြည်သူ အများအပြားသည် လုံခြုံရေး အန္တရာယ်ကြောင့် မိခင်နိုင်ငံသို့ ပြန်လာနိုင်ခြင်း မရှိသလို ၎င်းတို့ ကိုယ်တိုင်နှင့် ဆွေမျိုးသားချင်း အတွက် စစ်တပ် ထိန်းချုပ်သည့် သံရုံးများတွင် ကိုယ်ရေး စာရွက်စာတမ်းများ လျှောက်ထားရန် မဖြစ်နိုင်သေးချေ။ နိုင်ငံ ပြင်ပရှိ မြန်မာပြည်သူများကို နေရပ် ပြန်ပို့ခြင်းသည် ပြန်လည် ကုစားမရနိုင်သော ထိခိုက် နစ်နာစေသည့် အန္တရာယ် ရှိသည် ဖြစ်ရာ non-refoulment principle (ပြန်ပို့ခံရသူ၏ အသက် အန္တရာယ် ရှိသော နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း မပြုရဟူသည့် လူ့အခွင့်အရေး အခြေခံမူ)ကို ဖောက်ဖျက်ရာ ရောက်နိုင်သည်။[34] မြန်မာ ပြည်သူများအား ပံ့ပိုးကူညီရန် လက်တွေ့ကျသော နည်းလမ်းမှာ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း ရရှိနိုင်ရန် ဖြစ်နိုင်ခြေ ရှိသော တရားဝင် ရေရှည် နေထိုင်နိုင်မည့် ဥပဒေ အရ ခိုင်မာသော အခြေအနေ တစ်ရပ်အား ဖန်တီးပေးရန် ဖြစ်သည်။ ခိုလှုံခွင့် တောင်းသူများနှင့် ပြည်ပနိုင်ငံသို့ သွားလိုသူများအား နယ်စပ် ဖြတ်ကျော်ခွင့် မပေးဘဲ နှင်လွှတ်ခြင်း သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်ခံရနိုင်သည့် မိမိနိုင်ငံသို့ ပြန်ပို့ခြင်း လုပ်ရပ်များအား တားဆီး ကာကွယ်ရင်း အကာအကွယ် ပေးရန်နှင့် လူသားချင်း စာနာမှု ဆိုင်ရာ ကူညီထောက်ပံ့မှုများ ပေးရန်မှာလည်း အလွန် အရေးကြီးလှပါသည်။

၅၇။ ရိုဟင်ဂျာများသည် ရေရှည်တည်တံ့သော နေရပ် ပြန်ရေး အတွက် လိုအပ်သော ဘေးကင်း လုံခြုံမှု၊ နိုင်ငံသား ဖြစ်ခွင့်နှင့် ရပိုင်ခွင့်တို့ မရှိရာ ဖော်ပြပါ အခြေအနေသည် ရိုဟင်ဂျာများ အပေါ် သက်ရောက်မှု ရှိနေပါသည်။ ရခိုင်ပြည်နယ်တွင် စားနပ် ရိက္ခာ မလုံခြုံသည့် အခြေအနေမှာ ပိုမို နက်ရှိုင်းလာသလို ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင်လည်း လူသားချင်း စာနာထောက်ထားမှု အကူအညီများ အကြီးအကျယ် လျှော့ချခံရခြင်းကြောင့် ကူညီထောက်ပံ့မှုများ ဆက်လက် ထိန်းသိမ်းထားရန်နှင့် ထပ်တိုး ရရှိရန်မှာ အရေးတကြီး လိုအပ်နေပါသည်။ အာဆီယံနှင့် နိုင်ငံတကာမှ သက်ဆိုင်ရာ အဖွဲ့အစည်းများသည် ရိုဟင်ဂျာများ၏ အတိဒုက္ခများ လျော့ပါး သက်သာစေရန် နယ်စပ် ဖြတ်ကျော် အကူအညီများ ပေးသည့် နည်းအား ရွေးချယ်စရာ နည်းလမ်း အဖြစ် ထည့်သွင်းစဉ်းစားသင့်ပါသည်။ ကုလသမဂ္ဂ အထွေထွေ ညီလာခံ၌ ကျင်းပမည့် ရိုဟင်ဂျာ အရေး အပြည်ပြည်ဆိုင်ရာ အစည်းအဝေးကြီးတွင်[35] ပြည်တွင်းပြည်ပရှိ ရိုဟင်ဂျာ အသိုက်အဝန်း အတွက် ဘက်ပေါင်းစုံမှ ထည့်သွင်း စဉ်းစားပြီး ရေရှည်ခံသော ဖြေရှင်းချက်များ ရရှိနိုင်ရေး အတွက် မဟာဗျူဟာသစ်များ ချမှတ်နိုင်ရန် အာရုံစိုက် ဆွေးနွေးသင့်ပါသည်။

၅၈။ ရေရှည်တွင် နိုင်ငံတကာ အသိုက်အဝန်းသည် အင်စတီကျူးရှင်နှင့် ဥပဒေ ဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများ အတွက် နည်းပညာ အထောက်အပံ့များ ပေးနိုင်သလို အသွင်ကူးပြောင်းရေး ဆိုင်ရာ တရားမျှတမှု၊ ပြန်လည် ကျေအေးသင့်မြတ်ရေးနှင့် လူ့အဖွဲ့အစည်း သဟဇာတ ဖြစ်ရေး လုပ်ငန်းစဉ်များ အတွက်လည်း အရေးပါသော ပံ့ပိုးကူညီမှုများ ပေးနိုင်ပါသည်။ ဒေသတွင်း

34 A/HRC/57/56.
35 A/RES/79/278

နိုင်ငံများ၏ ဦးဆောင်မှုအောက်တွင် မြန်မာလူထု ဦးဆောင်သည့် နိုင်ငံရေး အသွင်ကူးပြောင်းမှုနှင့် အင်စတီကျူးရှင်း ဆိုင်ရာ အပြောင်းအလဲများ အတွက် ဖော်ပြပါ အထောက်အပံ့များသည် မရှိမဖြစ် အရေးပါလာလိမ့်မည်။

## ၆။ နိဂုံးချုပ်နှင့် အကြံပြု တိုက်တွန်းချက်များ

၅၉။ မြန်မာ ပြည်သူများသည် ၂၀၂၁ ခုနှစ်၊ စစ်တပ်က အာဏာသိမ်းသည့် လုပ်ရပ်ကို ဆန့်ကျင် တော်လှန်သဖြင့် အသက်ပေါင်းများစွာ စတေးခဲ့ရသလို အသက်မွေး ဝမ်းကြောင်း အလုပ်အကိုင်နှင့် ကဏ္ဍပေါင်းစုံတွင် ၎င်းတို့၏ အနာဂတ်များစွာကို စွန့်လွှတ် အနစ်နာခံခဲ့ကာ အနာဂတ်သစ်ကို တောင်းဆိုနေပြီ ဟူသည့် ခိုင်မာသော ကောက်ချက်အား ဤအစီရင်ခံစာတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့သော အကြောင်းအရာ အားလုံးက ပံ့ပိုးပေးနေပါသည်။ အတိဒုက္ခနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုအား နှစ်ပေါင်းများစွာ ရင်ဆိုင်နေရချိန်တွင် ပြည်သူ အများစုသည် စစ်အာဏာရှင် စနစ်နှင့် အကြမ်းဖက်မှုဒဏ်ကို တွန်းလှန်ရာတွင် စည်းလုံး ညီညွတ်စွာ ပါဝင်ခဲ့ကြသည်။ တဖန်ပြန်လည်၍ မြန်မာ ပြည်သူများသည် စစ်မှန်ပြီး အားလုံးပါဝင်နိုင်သော ဒီမိုကရေစီ ရရှိရေး၊ စစ်တပ်အပေါ် အရပ်သား ကြီးကြပ်နိုင်ခွင့်နှင့် တစ်နိုင်ငံလုံး ထိန်းချုပ်နိုင်ခွင့်၊ ခွဲခြားဆက်ဆံမှုများ အဆုံးသတ်ရေး၊ ဖက်ဒရစ် စနစ် ဖော်ဆောင်ရေးနှင့် ပြည်နယ်တိုင်းနယ်အဆင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရရှိရေးနှင့် ပြည်သူ ဗဟိုပြုပြီး ရေရှည် တည်တံ့သော စီးပွားရေး စနစ် ပေါ်ထွန်းရေး အတွက် စစ်အုပ်ချုပ်သည့် အတိတ် ဆယ်စုနှစ်များအတွင်း မမြင်ဖူးသည့် အဆင့်ဖြင့် တောင်းဆိုနေပါသည်။ ၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းမှုကြောင့် စစ်မှန်သော အပြောင်းအလဲ လိုလားသည့် ပြည်သူ့ ဆန္ဒကို အလွန် ခိုင်မာစေခဲ့ရာ တာဝန်ခံမှု ရှိရေး၊ လူ့အခွင့်အရေး ရရှိရေး၊ အလုံးစုံ ပါဝင်ရေးနှင့် ခွဲခြား ဆက်ဆံမှု ပပျောက်ရေးနှင့် တရားဥပဒေ စိုးမိုးရေး အတွက် နောက်ပြန်မလှည့်လိုဘဲ ပြည်သူ့ အသံများ ပို၍ ကျယ်လောင်လာသည်။ ဖော်ပြပါ ပြည်သူ့ ရည်မှန်းချက် ပန်းတိုင်များ အထမြောက် အောင်မြင်ရန်နှင့် ရေရှည်တည်တံ့ရန် အလို့ငှာ စစ်တပ် ထိန်းချုပ်သည့် အင်စတီကျူးရှင်းများနှင့် စီးပွားရေး အဆောက်အအုံများအား ဖျက်သိမ်းရန် လိုအပ်ပါသည်။ နိုင်ငံ အဝှမ်း ပေါ်ထွန်းလာသော ဒေသန္တရ အုပ်ချုပ်ရေး ပုံစံများအား ဥပမာ ပြရလျှင် ပြည်သူလူထုက ဒေသန္တရ အုပ်ချုပ်ရေးတွင် ပါဝင်နေပုံ၊ ဆုံးဖြတ်ချက် ချရာတွင် "အောက်ခြေမှ အထက်သို့" ချဉ်းကပ်သည့် အုပ်ချုပ်မှု ပုံစံ၊ ဗဟို ချုပ်ကိုင်မှု လျှော့ချခြင်း အတွက် ဖြစ်နိုင်ခြေများနှင့် ပူးပေါင်း ပါဝင်ခွင့် ရှိသော ဆုံးဖြတ်ချက် ချခြင်းတို့ဖြင့် သရုပ်ဖော် ပြသနေသည်။

၆၀။ အတိတ်နှင့် လက်ရှိကာလတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက် တရားမျှတမှုနှင့် တာဝန်ခံမှု ရရှိရန် တာဝန်ရှိသည့် မည်သည့် အဖွဲ့အစည်းကို မဆို အရေးယူခြင်းသည် တိုင်းပြည်၏ ဒီမိုကရေစီ အသွင် ကူးပြောင်းရေး အတွက် အလွန် အခရာကျသည်ဟု မြန်မာပြည်သူများက အသိအမှတ် ပြုကြသည်။ အတိတ် ကာလတွင် ရိုဟင်ဂျာ ကဲ့သို့ ဖယ်ကြဉ်ခံထားရသည့် လူမှု အသိုက်အဝန်းများကို ပစ်မှတ်ထား၍ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုခြင်းများ ရှိခဲ့ကြောင်း မြန်မာပြည်သူများက ယခုအခါ ပို၍ အသိအမှတ်ပြုလာသည်။ တရား ဥပဒေ စိုးမိုးမှု အားကောင်းရေး၊ သီးခြားလွတ်လပ်ပြီး ယုံကြည်စိတ်ချရသော နိုင်ငံတော် အင်တစတီကျူးရှင်းများ ထူထောင်ရေးနှင့် အနာဂတ် အကျပ်အတည်းများအား တားဆီး ကာကွယ်နိုင်ရေး အတွက် အပြစ်ပေး အရေးယူမှု ကင်းလွတ်နေသည့် အခြေအနေ အမြစ်တွယ်နေမှုအား တိုက်ဖျက်ရန် လိုအပ်ပေလိမ့်မည်။

၆၁။ မြန်မာပြည်သူများသည် နိုင်ငံတကာမှ ပစ်မှတ်ထား ပိတ်ဆို့အရေးယူခြင်းနှင့် ဒီမိုကရေစီ အင်အားစုနှင့် ပေါ်ထွန်းလာသည့် အုပ်ချုပ်ရေး အဖွဲ့အစည်းများဖြင့် နိုင်ငံရေး အရ ထိတွေ့ ဆက်ဆံခြင်း အပါအဝင် ပိုမို ထိရောက်ပြီး ပြတ်သားသော နည်းလမ်းများဖြင့် ဆောင်ရွက်ရန်

တောင်းဆိုလိုက်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်အား ရင်းနှီးမြှုပ်နှံသည့် အနေဖြင့် လူသားချင်း စာနာထောက်ထားမှု လိုအပ်ချက်များအား အရေးပေါ် ကူညီ ဖြေရှင်းပေးရန်နှင့် မြန်မာ ပြည်သူ ဦးဆောင်သော လုပ်ငန်းစဉ်များမှ တစ်ဆင့် ရေရှည်တည်တံ့ပြီး စနစ်ကျသော ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေသူများကို ပံ့ပိုးကူညီပေးရန် မြန်မာပြည်သူများက နိုင်ငံတကာ အသိုက်အဝန်းအား တောင်းဆိုလိုက်သည်။

၆၂။ **ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် ဤတွေ့ရှိချက်များအား ထည့်သွင်း စဉ်းစားလျက် မြန်မာနိုင်ငံ၏ အခြေအနေကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီမှ တစ်ဆင့် အပြည်ပြည် ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးပါရန် ၎င်း၏ ယခင် တောင်းဆိုချက်များဖြင့် ထပ်လောင်း တောင်းဆိုလိုက်ပြီး မြန်မာ စစ်တပ်အား အောက်ပါအတိုင်း တိုက်တွန်းအပ်ပါသည်။**

(က) **မြန်မာပြည်သူများ၏ တောင်းဆိုချက်များနှင့် ဒီမိုကရေစီ လိုလားသည့် ပြည်သူ့ ဆန္ဒကို လေးစားရန်နှင့် အထူးသဖြင့် စစ်တပ် အပေါ် အရပ်သားကြီးကြပ်မှုကို လက်တွေ့ အကောင်အထည် ဖော်ရန်။**

(ခ) **ရိုဟင်ဂျာ အပါအဝင် အရပ်သား ပြည်သူလူထု အပေါ် ကျူးလွန်သော အကြမ်းဖက် လုပ်ရပ်များနှင့် အရပ်ဘက် အဆောက်အအုံများအား တိုက်ခိုက်နေမှုကို ချက်ချင်း ရပ်တန့်ရန်နှင့် ၎င်းတို့အား သက်ဆိုင်ရာ လူ့အခွင့်အရေး တာဝန် ဝတ္တရားများနှင့် နိုင်ငံတကာ လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေများနှင့် အညီ၊ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက် အမှတ် ၂၆၆၉ (၂၀၂၂) နှင့် အပြည်ပြည်ဆိုင်ရာ တရားရုံး (အိုင်စီဂျေ)မှ အမိန့် ချမှတ်ထားသော ယာယီ အစီအမံများနှင့် အညီ ဆောင်ရွက်ရန်။**

(ဂ) **အကျပ်အတည်း အလွန် ကာလတွင် မြန်မာ စစ်တပ်သည် လူ့အခွင့်အရေးအား လေးစား လိုက်နာစေရန် အခြေခံကျသော လုံခြုံရေး ကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ရေး အတွက် ကတိကဝတ် ပြုရန်။**

(ဃ) **အကူအညီ လိုအပ်နေသော ပြည်သူများသည် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ လူသားချင်း စာနာမှု အကူအညီများ လက်လှမ်းမီ ရရှိရန် ရည်ရွယ်၍ လွတ်လပ်စွာ သွားလာခွင့် ရရှိရေးအား အတားအဆီး ဖြစ်စေသော ကန့်သတ်များကို ဖယ်ရှားခြင်းနှင့် လူသုံးကုန် ပစ္စည်းနှင့် အထောက်အပံ့ ပစ္စည်း တင်သွင်းခွင့် ကန့်သတ်ခြင်းအား ရုတ်သိမ်းခြင်း အပါအဝင် လိုအပ်သော အစီအမံအားလုံးကို ဆောင်ရွက်ရန်။**

၆၃။ **ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် အမျိုးသား ညီညွတ်ရေး အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များကို အောက်ပါအတိုင်း ဆက်လက် တိုက်တွန်းပါသည်။**

(က) **အုပ်ချုပ်ရေး ယန္တရားသည် အလုံးစုံ ပါဝင်သော၊ ပူးပေါင်းပါဝင်ခွင့် ရှိသော၊ ပွင့်လင်း မြင်သာမှု ရှိသော၊ ခွဲခြား ဆက်ဆံမှု မရှိသော ပုံစံဖြင့် စီမံဆောင်ရွက်ရန်နှင့် သယံဇာတ အရင်းအမြစ်များအား သာတူညီမျှစွာ ခွဲဝေနိုင်ရေး အတွက် ပြည်သူတို့၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန်။**

(ခ) **လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှုများအား သေချာစွာ စိစစ် မှတ်တမ်း တင်ပြီး အပြစ်ပေး အရေးယူမှုမှ ကင်းလွတ်ခွင့် ရနေသည့် သံသရာကို အဆုံးသတ်နိုင်ရေး အတွက် ပြစ်မှု ကျူးလွန်သူများကို တာဝန်ခံစေမည့် ရှုထောင့်ဖြင့် သင့်လျော်သော လုပ်ထုံး လုပ်နည်းများအား အစပြု ဆောင်ရွက်ရန်၊ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှုနှင့် လိုက်လျော ညီထွေသော ပြစ်ဒဏ်အား တာဝန်ရှိသူများအား ချမှတ်ပြီး လူ့အခွင့်အရေး ချိုးဖောက်ခံရသူများ အတွက် တရားမျှတမှု ဆောင်ကြဉ်းပေးရန်နှင့် ပြန်လည်ကုစားမှု ပေးရန်။**

(ဂ) မူဝါဒများ ရေးဆွဲချမှတ်ခြင်းနှင့် ပြည်သူလူထုအား ဝန်ဆောင်မှု ပေးသည့် အုပ်ချုပ်ရေး အဖွဲ့များတွင် ဆုံးဖြတ်ချက် ချခြင်းနှင့် ဦးဆောင်မှု နေရာများ၌ အမျိုးသမီး၊ လူငယ်နှင့် တိုင်းရင်းသား အသိုက်အဝန်းမှ ကိုယ်စားလှယ်များအား တက်ကြွစွာ ပါဝင်ရန်

(ဃ) သတင်း အချက်အလက်များ ဖလှယ်ခြင်းနှင့် ကောင်းမွန်သော အလေ့အထများကို ဝေမျှခြင်း အားဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများအား ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များက လိုက်နာစေရန် ဆောင်ရွက်သည့် ကြိုးပမ်းမှုများအား ဆက်လက် ထိန်းသိမ်းပါ။

(င) ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့် နိုင်ငံရေး မူဘောင် တစ်ရပ် အဖြစ် လူမျိုးရေး၊ ဘာသာရေး မခွဲခြားဘဲ မြန်မာ နိုင်ငံရှိ လူသား အားလုံး အကျိုး ရှိစေမည့် လူမှုရေး အသိုက်အဝန်း အကြား နားလည်မှု ပဋိညာဉ် စာချုပ်သစ် တစ်ရပ် ရေးဆွဲနိုင်ရန် ရိုဟင်ဂျာ ကဲ့သို့ လူနည်းစု အဖွဲ့များ အပါအဝင် ဒေသခံ လူမှု အသိုက်အဝန်းများနှင့် မကြာခဏ ပွင့်လင်းမြင်သာစွာ ဆွေးနွေးပွဲများ ပြုလုပ်ရန်။

(စ) ကာလ တာရှည် အိုးမဲ့အိမ်မဲ့ အခြေအနေတွင် နေထိုင်သော ရိုဟင်ဂျာ ကဲ့သို့ လူမှု အသိုက်အဝန်း၏ အခြေအနေတွင် ဘေးကင်း လုံခြုံမှု၊ ရေရှည်တည်တံ့မှုနှင့် ဂုဏ်သိက္ခာ ရှိသော နေရပ် ပြန်ရေးကို အဟန့်အတား ဖြစ်စေသော အကြောင်းအရာများအား ကိုင်တွယ်ဖြေရှင်းရန် အရေးပေါ် လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်ရန်။

၆၄။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် အရှေ့တောင်အာရှနိုင်ငံများ (အာဆီယံ) အဖွဲ့ဝင် နိုင်ငံများကိုလည်း အောက်ပါအတိုင်း ဆက်လက် တိုက်တွန်းပါသည်။

(က) မြန်မာ စစ်တပ်မှ အရပ်သားများ အပေါ် အကြမ်းဖက် သတ်ဖြတ်မှုအား ချက်ချင်း ရပ်တန့်ရေး၊ နိုင်ငံရေး အကျဉ်းသား အားလုံးကို လွှတ်ပေးရေးနှင့် နယ်စပ် ဖြတ်ကျော် ကူညီ ထောက်ပံ့မှု ပေးမှု အစီအစဉ်မှ တစ်ဆင့် အဟန့်အတား မရှိ လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးခွင့်ပြုရေး အတွက် မြန်မာ စစ်တပ်အား တောင်းဆိုရန်။

(ခ) ပင်လယ်ပြင်မှ ကယ်ဆယ်ခြင်း၊ နိုင်ငံတကာ၏ အကာအကွယ် ပေးခြင်း၊ ရေရှည် တည်တံ့သော ဖြေရှင်းချက် အဖြစ် တရားဝင် နေထိုင်စေခြင်းနှင့် ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ အပါအဝင် အခြေခံ ဝန်ဆောင်မှုများ ပေးခြင်းဖြင့် အကြမ်းဖက်မှုမှ တိမ်းရှောင်သော၊ ဒေသတွင်း နိုင်ငံများတွင် လာရောက် ခိုလှုံကြသော မြန်မာ ပြည်သူများအား ကာကွယ်ရန်။

(ဂ) မြန်မာ ရွှေ့ပြောင်း ဒုက္ခသည်များ ကြုံတွေ့ရတတ်သည့် ဥပဒေ ရေးရာနှင့် ဘေးကင်း လုံခြုံမှု ဆိုင်ရာ စိုးရိမ်ပူပန်မှုများအား ဖြေရှင်းရန် ရည်ရွယ်၍ ကိုယ်ရေး စာရွက်စာတမ်းများ ထုတ်ပေးခြင်း၊ နေထိုင်ခွင့်၊ အိမ်ထောင်စု စာရင်းနှင့် အလုပ်လုပ်ကိုင်ခွင့် စာရွက်စာတမ်းများအား နားလည်ရလွယ်ကူပြီး အဖိုးအခ မများဘဲ ခွဲခြား ဆက်ဆံမှု ကင်းစွာ ဆောင်ရွက်ပေးရေး အတွက် လုပ်ငန်းစဉ်များ သတ်မှတ်ပေးရန်နှင့် မြန်မာ ပြည်သူနှင့် မိသားစုဝင်များ ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးနှင့် အညီ ဆက်လက် ရှင်သန်နိုင်ရေး အတွက် ပြည်သူ့ ဝန်ဆောင်မှုနှင့် အလုပ်အကိုင် ဈေးကွက်အား သုံးစွဲခွင့်ပြုပါရန်။

(ဃ) ရွှေ့ပြောင်း မြန်မာ ကျောင်းသားများအား နိုင်ငံရပ်ခြားတွင် ပညာ သင်ကြားခွင့် ရရှိစေရေးနှင့် ဆရာဝန်၊ ကျောင်းဆရာ၊ ဥပဒေ ပညာရှင်နှင့် အင်ဂျင်နီယာများ အပါအဝင် မြန်မာ ကျွမ်းကျင် ပညာရှင်များအား အသိအမှတ်ပြု အောင်လက်မှတ်၊ အလုပ်လုပ်ကိုင်ခွင့် ရရှိစေရေး အပြင် မြန်မာ ပြည်သူများအား ဆက်လက် ကူညီပံ့ပိုးခွင့်ပြုရေး အတွက် အချိန်နှင့် တပြေးညီ တိကျ ခိုင်မာသော အရေးယူ ဆောင်ရွက်ချက်များ ချမှတ်ဖော်ဆောင်ရန်။

(င) ဒီမိုကရေစီ လိုလားသည့် ပြည်သူ့ ဆန္ဒကို ပံ့ပိုးကူညီရေးနှင့် ရေရှည် တည်တံ့သော ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေး အတွက် အခြေအနေများ ဖန်တီးရာ၌ အထောက်အပံ့ ဖြစ်စေရန် ရည်စူး၍ ပေါ်ထွန်းလာသည့် ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များ၏ ကိုယ်စားလှယ်များ အပါအဝင် အမျိုးသား ညီညွတ်ရေး အစိုးရနှင့် အခြား သက်ဆိုင်ရာ ဒီမိုကရေစီ အင်အားစုများနှင့် ထိတွေ့ ဆက်ဆံရန်။

(ဃ) လူ့အခွင့်အရေးအား လေးစားလိုက်နာမှု အားကောင်းစေရန်၊ တာဝန်ခံမှု ရှိရေး အားပေးမြှင့်တင်ရန်နှင့် ရာဇဝတ်မှုများ ထပ်တလဲလဲ ပြန်လည် မဖြစ်ပွားရန် ရည်ရွယ်၍ အမျိုးသမီးနှင့် ကလေးငယ်များကို ပစ်မှတ်ထားသည့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများနှင့် လူကုန်ကူးမှု အပါအဝင် ဒေသတွင်း နိုင်ငံများ ဘုံတူညီရသော စိုးရိမ်ပူပန်မှုများ အပေါ် ကိုင်တွယ်ဖြေရှင်းမည့် အာဆီယံ လုပ်ငန်း အစီအမံကို တက်ကြွစွာ အကောင်အထည်ဖော်ရန်။

၆၄။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများနှင့် ကုလသမဂ္ဂ ယန္တရားရှိ အဖွဲ့အစည်းများကို အောက်ပါအတိုင်း ဆက်လက် တိုက်တွန်းပါသည်။

(က) မြန်မာ စစ်တပ်သည် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက် အမှတ် ၂၆၆၉၊ ကုလသမဂ္ဂ အထွေထွေ ညီလာခံနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက်များအား လေးစားလိုက်နာစေမည့် လုပ်ငန်းစဉ် အဆင့်များ ထပ်တိုး ချမှတ်လျက် ဒီမိုကရေစီ လိုလားသော ပြည်သူ့ ဆန္ဒကို အားပေး ထောက်ပံ့ရန်။

(ခ) ပြည်ပသို့ တိမ်းရှောင်ရသော ပြည်သူအား နိုင်ငံတကာမှ ကာကွယ် စောင့်ရှောက်မှု ပေးခြင်း၊ ရေရှည်အတွက် တရားဝင် နေထိုင်ခွင့် ပြုခြင်းနှင့် ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ အပါအဝင် အခြေခံ ဝန်ဆောင်မှုများ ရရှိစေခြင်း အားဖြင့် ကာကွယ်စောင့်ရှောက်ရန်။

(ဂ) နိုင်ငံ၏ အနာဂတ် ဒီမိုကရေစီ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူ ပြုရာတွင် မြန်မာ လူငယ်များအား ပံ့ပိုးကူညီနိုင်ရေး အတွက် ပြည်ပသို့ တိမ်းရှောင်နေရသူများအား ပညာရေး အခွင့်အလမ်းများ ပေးခြင်း၊ ဆရာဝန်၊ ကျောင်းဆရာ၊ ဥပဒေ ပညာရှင်နှင့် အင်ဂျင်နီယာ အပါအဝင် မြန်မာ ကျွမ်းကျင် ပညာရှင်များအား အသိအမှတ်ပြု အောင်လက်မှတ်၊ အလုပ်လုပ် ကိုင်ခွင့် ရရှိစေရေး အပြင် မြန်မာ ပြည်သူများအား ဆက်လက် ကူညီပံ့ပိုးခွင့်ပြုခြင်း အားဖြင့် အချိန်နှင့် တပြေးညီ တိကျခိုင်မာသော လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်ရန်။

(ဃ) ဒီမိုကရေစီ ထွန်းကားရန်နှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေး အတွက် လိုအပ်သော အခြေအနေများအား ရေးဆွဲဖန်တီးရန် အဓိက ကျသော ခြေလှမ်း တစ်ရပ် အနေဖြင့် အမျိုးသား ညီညွတ်ရေး အစိုးရ (အန်ယူဂျီ) အပါအဝင် လူ့အခွင့်အရေး စောင့်ထိန်းလိုက်နာရန် တာဝန်ရှိသည့် အာဏာပိုင် အဖွဲ့အစည်းသစ်များနှင့် ဒီမိုကရေစီ အရေး ဆောင်ရွက်သည့် အဖွဲ့များနှင့် ထိတွေ့ဆက်ဆံပါ။

(င) အရပ်သား ပြည်သူလူထု၏ သိပ္ပံနည်းပညာ၊ ဘဏ္ဍာရေး၊ လူသားချင်း စာနာမှုနှင့် ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ လိုအပ်ချက်များကို သဘောပေါက် နားလည်ရန် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးပြီး ၎င်းတို့၏ လိုအပ်ချက်အား ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းမည့် ပရိုဂရမ်များအား ပူးတွဲ စီစဉ်၊ ဖော်ဆောင်ရန်။

(စ) မြန်မာနိုင်ငံ၌ ဒီမိုကရေစီ စနစ် ပေါ်ထွန်းလာရေးသို့ ဦးတည်သည့် အင်စတီကျူးရှင်း အဆင့် ပြုပြင်ပြောင်းလဲမှုများ ဆက်လက် ဆောင်ရွက်နိုင်ရန် ဒေသန္တရ အုပ်ချုပ်မှု၊ အသွင် ကူးပြောင်းရေး ဆိုင်ရာ တရားမျှတမှုနှင့် အင်စတီကျူးရှင်း တည်ဆောက်မှု လုပ်ငန်းစဉ်များတွင်

ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပါဝင်စေခြင်းနှင့် အနာဂတ်တွင် လိုအပ်နိုင်မည့် အထောက်အပံ့များ အတွက် ကြိုတင် အစီအစဉ် ရေးဆွဲပါ။

(ဆ) မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ရိုဟင်ဂျာ အသိုက်အဝန်းများ အသက်ရှင်သန် ရပ်တည်နိုင်ရေးနှင့် ဘေးကင်းလုံခြုံရေး အတွက် အရေးပေါ် လိုအပ်နေသည့် စားနပ်ရိက္ခာနှင့် လူသုံးကုန် ပစ္စည်းများ ထောက်ပံ့ပေးရန်။

(ဇ) ရိုဟင်ဂျာ အသိုက်အဝန်းသည် မြန်မာနိုင်ငံသို့ လူ့အခွင့်အရေးနှင့် နိုင်ငံသား ဖြစ်ခွင့် အပြင် လွတ်လပ်ပြီး အသိပေး ရွေးချယ်ခွင့် ရှိမှု အပေါ် အခြေခံ၍ ဘေးကင်းလုံခြုံပြီး လူ့ဂုဏ်သိက္ခာနှင့် အညီ မြန်မာနိုင်ငံသို့ ဆန္ဒအလျောက် ပြန်လာနိုင်ရေး အတွက် အခြေအနေများ ဖန်တီးပေးရန် ဒီမိုကရေစီ အရေး ဆောင်ရွက်သော အဖွဲ့အစည်းများနှင့် ပူးတွဲ ဆောင်ရွက်ရင်း တတိယ နိုင်ငံသို့ ပြန်လည် အခြေချ နေထိုင်ခြင်း အပါအဝင် ၎င်းအသိုက်အဝန်း အတွက် ရေရှည် တည်တံ့မည့် ဖြေရှင်းချက်များအား ဖော်ထုတ်ရန် တိုးမြှင့်ဆောင်ရွက်ပါ။

(ဈ) ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီနှင့် အခြား သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းနှင့် ယန္တရားများသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်မှုများ အပေါ် ဆက်လက် အာရုံစိုက်ပြီး ယခု ဖော်ပြပါ အကြံပြု တိုက်တွန်းချက်များအား အကောင်အထည် ဖော်မှု အပေါ် ပုံမှန် စောင့်ကြည့်လေ့လာရန်။